# ကြေးမုံ
The Mirror Daily

၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**စည်းစိမ်ဥစ္စာ သတင်းကျော်စော**

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့်ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**


၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ ကြာသပတေးနေ့။ Thursday, 21 November 2024 ၁၁၆၄၈


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## ရငွေတိုးမြှင့်အောင်ဆောင်ရွက်နိုင်သည့် ဝန်ကြီးဌာနများကလည်း နောင်ဘဏ္ဍာရေးနှစ်များတွင် ယခုထက်ဝင်ငွေပိုမိုရရှိအောင် ကြိုးပမ်း

နေပြည်တော် နိုဝင်ဘာ ၂၀

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ တင်ပြခြင်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစော၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒေါက်တာမျိုးသိန်းကျော်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဦးမင်းထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ★

ယနေ့

### မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဖွဲ့စည်း

စာမျက်နှာ » ၅

ဖတ်စရာ

### မိုင်ပေါင်း ၄၀၀၀ ကျော်ခရီး

ဆောင်းပါး စာမျက်နှာ » ၆



### ၂၀၂၄ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက် ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ

စာမျက်နှာ » ၈

### ပေါ်ဆန်းနှင့် ပေါ်ဆန်း အုပ်စုဝင် စပါးမျိုးများ စုဆောင်းခြင်းဆိုင်ရာ နည်းပညာ အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပ

စာမျက်နှာ » ၉

ကြေးမုံ

# တည်ငြိမ်အေးချမ်းမှုနှင့် ဒေသဖွံ့ဖြိုးမှု ဖျက်ဆီးနှောင့်ယှက်သူများကို တားဆီး

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတည်ငြိမ်အေးချမ်းမှုနှင့် စီးပွားရေးကောင်းမွန်မှုသည် အရေးကြီးသည်။ တည်ငြိမ်အေးချမ်းမှုမရှိပါက ဒေသဖွံ့ဖြိုးမှုကို ထိရောက်စွာမလုပ်နိုင်။ ဒေသဖွံ့ဖြိုးတိုးတက်မှုရှိသော်လည်း တည်ငြိမ်အေးချမ်းမှုမရှိသောကြောင့် ဖွံ့ဖြိုးတိုးတက်မှုသည် အချည်းနှီးဖြစ်နိုင်။ စီးပွားရေးကောင်းမွန်ပါသော်လည်း ပြန်လည်ထူထောင်ရေးကို အကြိမ်ကြိမ်ပြုလုပ်နေရသဖြင့် ရှေ့သို့မတက်လှမ်းနိုင်စသည့် အဟန့်အတားများကိုပြည်သူလူထုနှင့်အတူလက်တွဲ၍ ကျော်လွှားသွားကြရမည်ဖြစ်သည်။

ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားခဲ့သည့် မိုးသည်းထန်စွာရွာသွန်းမှုတို့ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးကိုးခုရှိ မြို့နယ်များတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး မြန်မာနိုင်ငံ၏သမိုင်းတွင် ရေကြီးရေလျှံဖြစ်မှုကြောင့် ထိခိုက်ဆုံးရှုံးပျက်စီးမှုများ အဆိုးရွားဆုံးဖြစ်ခဲ့သည်။ သဘာဝဘေးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်သေဆုံးပျက်စီးမှုများအတွက် နိုင်ငံတော်အစိုးရအနေဖြင့် ထိုက်သင့်သည့် ထောက်ပံ့မှုများဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ လွန်ခဲ့သည့်နှစ်ကလည်း မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ရခိုင်ပြည်နယ်အတွင်း ပျက်စီးဆုံးရှုံးခဲ့သော မြို့ရွာများကို ပြန်လည်ထူထောင်ပေးခဲ့ပြီးဖြစ်သည်။

သဘာဝဘေးအန္တရာယ်ကြောင့်မဟုတ်ဘဲ လူတို့၏ တိုက်ခိုက်ဖျက်ဆီးမှုကြောင့် နိုင်ငံတော်အတွင်း အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များသာမက လမ်း၊ တံတားများ၊ စာသင်ကျောင်းများနှင့် အခြေခံအဆောက်အအုံများ ကြီးမားစွာပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု အဆောက်အအုံများ၊ လမ်း၊ တံတားများကို ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် မိုက်လုံးကြီးစွာဖျက်ဆီးလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများနှင့် မိုက်လုံးကြီးသူတို့၏ ဖျက်ဆီးမှုများကြောင့် ပျက်စီးခဲ့ရသည်များကို ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်နေရသဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များမှာ ရှေ့သို့မတိုးနိုင်ဘဲဖြစ်နေသည်။

ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် သုံးစွဲရမည့်ငွေကြေးများကို ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် သုံးစွဲကုန်ကျနေခြင်းသည် နိုင်ငံတော်အတွက် များစွာထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေသည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးအားကောင်းလာစေရန်အတွက် အဟန့်အတားများဖြစ်စေလျက်ရှိသည်။ သဘာဝဘေးအန္တရာယ်ဟူသည် ရှောင်သွေခြင်းပြုလုပ်၍မရနိုင်သော်လည်း လူတို့၏အဖျက်အန္တရာယ်ကို စုစည်းညီညွတ်သောအင်အားဖြင့် ကျော်လွှားဖယ်ရှားနိုင်ပါသည်။ အကယ်၍ ပြန်လည်ထူထောင်ရေး၊ တည်ဆောက်ရေးလုပ်ငန်းများကို လျော့နည်းစွာဆောင်ရွက်ရပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးရှေ့ခရီးမှာ များစွာတိုးတက်ဖြစ်ထွန်းနေပြီဖြစ်သည်။

အကြမ်းဖက်အဖျက်လုပ်ရပ်များ လုပ်ဆောင်နေကြခြင်းသည် ပြည်ပမှ သွေးထိုးမြှောက်ပင့်ပေးမှုများနှင့် အသိပညာ၊ အတတ်ပညာအားနည်းခြင်း၊ ဝေဖန်ပိုင်းခြားနိုင်မှုအားနည်းခြင်းတို့ကြောင့်ဖြစ်သည်။ ပညာရေးအားနည်းသည့်ဒေသများတွင် အကြမ်းဖက်မှုများ၊ ဒုစရိုက်မှုများ ပိုမိုဖြစ်ပေါ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့ကြောင့် အနာဂတ်ကာလတွင် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို ပုံဖော်ပေးနိုင်ရေးအတွက် ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်နေခြင်းဖြစ်သည်။ အတန်းပညာရှိမှသာ အတတ်ပညာများရရှိမည်ဖြစ်ပြီး ကောင်းမွန်သည့် စဉ်းစားတွေးခေါ်မှုများ ရရှိလာမည်ဖြစ်သည်။ မိမိတို့ လူမှုစီးပွားတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ထိရောက်စွာဖြင့် ဝိုင်းဝန်းလက်တွဲလုပ်ဆောင်နိုင်မည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုရှိသဖြင့် နိုင်ငံတော်အနေဖြင့် ဒေသဖွံ့ဖြိုးမှုကို ထိရောက်စွာ ပံ့ပိုးဖြည့်ဆည်းပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုဝင်ဘာလ ၁၉ ရက်နေ့က ပြုလုပ်သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးတွင် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ပတ်သက်၍ “နိုင်ငံတစ်ခု၊ ဒေသတစ်ခု၌ ပဋိပက္ခကိုဖြစ်ပေါ်လာအောင် ဖန်တီးသည်မှာ ၎င်းဒေသနှင့် နိုင်ငံတို့တွင် နေထိုင်ကြသူများပင်ဖြစ်ပြီး တည်ငြိမ်အေးချမ်းရေးကို မလိုလားသူများ၏ သွေးဆောင် မြှောက်ပင့်မှုများကြောင့်လည်းဖြစ်ကြောင်း၊ အလားတူ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးအတွက်လည်း ၎င်းဒေသတွင် နေထိုင်သူများကပင် လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း” ပြောကြားခဲ့သည်။

ထို့ကြောင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏ လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့နည်းပပျောက်စေရေးအတွက် တာဝန်ရှိသူများအနေဖြင့် ဒေသခံပြည်သူများနှင့်ပူးပေါင်းလက်တွဲပြီး ဝိုင်းဝန်းတားဆီးဆောင်ရွက်ကြရမည်ဖြစ်သည်။ ဒေသတည်ငြိမ်အေးချမ်းမှု ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာလုပ်ဆောင်နိုင်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

★ တိုင်းရင်းသားများအကြား အပြန်အလှန်လေးစားမှု ယုံကြည်မှုများတည်ဆောက်ပြီး ထာဝရငြိမ်းချမ်းရေး ရရှိအောင်ဆောင်ရွက်ရေး။

★ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာပြည့်ဝသော ပညာတတ်များ ပေါ်များရေး။

★ ပြည်ထောင်စုကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးတွင် တစ်နိုင်ငံလုံးက ဝိုင်းဝန်းကူညီပံ့ပိုးရေး။

★ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှု မြှင့်တင်ဆောင်ရွက်ရေး။

## ၂၀၂၄ ခုနှစ်၊ (၁၀၄) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့၊ တစ်မျိုးသားလုံးညီညွတ်စို့။

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်

(၂၅-၁၁-၂၀၂၄)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဝင်း ကို ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၀ - ၁၁ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၅၇၂ | ၄,၈၆၉,၆၀၀ |
| MTSH | ၃,၂၅၀ | ၃,၂၅၀ | ၁,၉၈၂ | ၆,၄၄၁,၅၀၀ |
| MCB | ၈,၅၀၀ | ၈,၅၀၀ | ၁၆ | ၁၃၆,၀၀၀ |
| FPB | ၁,၉၀၀ | ၁,၉၀၀ | ၆,၂၆၆ | ၁၁,၉၀၅,၄၅၀ |
| TMH | ၂,၉၀၀ | ၂,၉၀၀ | ၅၂၉ | ၁,၅၃၄,၁၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၈၂၃ | ၁,၄၀၀,၂၅၀ |
| AMATA | ၄,၄၀၀ | ၄,၄၀၀ | ၂၅ | ၁၁၀,၀၀၀ |
| MAEX | ၃,၂၅၀ | ၃,၂၅၀ | ၁,၂၈၈ | ၄,၁၈၆,၀၀၀ |
| MADPL(PLB) | ၃၅,၀၀၀ | ၃၄,၅၀၀ | ၂၈ | ၉၆၇,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်အောင်ဆောင်ရွက်ရမည်

★ ရှေ့ဖုံးမှ

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ ကျင်းပသည့် အစည်းအဝေးသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေများကို ခွင့်ပြုနိုင်ရန် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီတို့နှင့် ဆွေးနွေးညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း။

ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်တောင်းခံငွေများကို အဆင့်ဆင့်စိစစ်ခဲ့ပြီး ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေး ကော်မတီက နောက်ဆုံးစိစစ်ပြီးသည့်အပေါ်တွင် ထပ်မံညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း။

**တိုးတက်အောင်ဆောင်ရွက်ရမည်**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် တရားဥပဒေစိုးမိုးရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည့်အတွက် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတွင် ကာကွယ်ရေးနှင့်လုံခြုံရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးတို့တွင် အဓိကကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး အသုံးစရိတ်များ၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးနှင့် အရည်အသွေးပြည့်မီသော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ ပြည်တွင်းထုတ်ကုန် တိုးမြှင့်စေရေးနှင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများ ပိုမိုလည်ပတ်နိုင်ပြီး စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် ပြည်တွင်းတွင် လုံလောက်စွာ ထုတ်လုပ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများစေရေးနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့အတွက် အဓိကကဏ္ဍဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကိုလည်း ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် အဆိုပါ ပြပွဲ၊ ပြိုင်ပွဲ အသုံးစရိတ်များကိုလည်း ခွင့်ပြုပေးရမည်ဖြစ်ကြောင်း၊ အလားတူ မဖြစ်မနေသုံးစွဲရမည့် အသုံးစရိတ်များကိုလည်း ခွင့်ပြုရမည်ဖြစ်ကြောင်း။

ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများကလည်း မလိုအပ်သည့် အသုံးစရိတ်များ မသုံးစွဲမိစေရေး စိစစ်ရန်လိုကြောင်း၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီးခန့်မှန်းခြေကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက မူလခန့်မှန်းခြေ ရငွေပိုင်းတွင် ငွေကျပ် ဘီလီယံပေါင်း ၃၁၀၀၀ ကျော်ဖြစ်ကြောင်း၊ သုံးငွေပိုင်းတွင် ငွေကျပ်ဘီလီယံ ၃၉၀၀၀ ကျော် ဖြစ်ကြောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေကို ကြည့်မည်ဆိုပါက ရငွေပိုင်းတွင် ငွေကျပ်ဘီလီယံပေါင်း ၃၅၀၀၀ ကျော်ဖြစ်ပြီး သုံးငွေပိုင်းတွင် ငွေကျပ်ဘီလီယံ ၄၁၀၀၀ ကျော် ဖြစ်ကြောင်း၊ ယခုတွက်ချက်ပြီးသည့် GDP မှာ ငွေကျပ်ဘီလီယံ ၁၅၅၅၄၃ ဒသမ ၅၃၄ ဖြစ်သည့်အတွက် မူလခန့်မှန်းခြေတွင် လိုငွေ၏ GDP အချိုးအရ ၅ ဒသမ ၁၇ ရာခိုင်နှုန်းဖြစ်ပြီး ပြုပြင်ပြီး ခန့်မှန်းခြေ၏ GDP နှင့် လိုငွေအချိုးမှာ ၃ ဒသမ ၉၁ ရာခိုင်နှုန်းဖြစ်သည်ကို တွေ့ရကြောင်း။

**၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေတွင် ကာကွယ်ရေးနှင့် လုံခြုံရေး၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံ့စီးပွားမြှင့်တင်ရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံစေရေးတို့တွင် အဓိကကဏ္ဍဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရေး အသုံးစရိတ်များ၊ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးနှင့် အရည်အသွေးပြည့်မီသော အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပို့ဆောင်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဆိုင်ရာ အသုံးစရိတ်များ၊ ပြည်တွင်းထုတ်ကုန် တိုးမြှင့်စေရေးနှင့် နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုနှင့် စက်မှုလုပ်ငန်းများ ပိုမိုလည်ပတ်နိုင်ပြီး စားသောက်ကုန်များနှင့် လူသုံးကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာဖြင့် ပြည်တွင်းတွင် လုံလောက်စွာ ထုတ်လုပ်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများစေရေးနှင့် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့အတွက် အဓိကကဏ္ဍဖြစ်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲကိုလည်း ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည့်အတွက် အဆိုပါ ပြပွဲ၊ ပြိုင်ပွဲ အသုံးစရိတ်များကိုလည်း ခွင့်ပြုပေးရမည်**

ရငွေပိုင်းကို ကြည့်မည်ဆိုပါက ပြုပြင်ပြီး ခန့်မှန်းခြေ၏ ရငွေပိုင်းတွင် ငွေကျပ်ဘီလီယံပေါင်း ၄၀၇၀ ဒသမ ၃၉၄ ဘီလီယံ တိုးမြှင့်ရရှိနိုင်ရန် လျာထားခြင်းဖြစ်ကြောင်း၊ ရငွေတိုးမြှင့်အောင် ဆောင်ရွက်နိုင်သည့် ဝန်ကြီးဌာနများမှလည်း နောင်ဘဏ္ဍာရေးနှစ်များတွင် ယခုထက် ဝင်ငွေပိုမိုရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သုံးငွေပိုင်းကို ပြန်ကြည့်မည်ဆိုပါက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဧပြီလမှစ၍ နောက်ဆုံးဖြည့်စွက်ရန်ပုံငွေတောင်းသည့် နိုဝင်ဘာလအထိ ရှစ်လဖြစ်ပြီး လေးလကျန်ရှိသေးကြောင်း၊ အဆိုပါ ရှစ်လနှင့် လေးလတွင် အသုံးစရိတ် မူလခန့်မှန်းခြေနှင့် ပြုပြင်ပြီး လေးလခန့်ကို နှိုင်းယှဉ်ကြည့်ရာတွင် မူလခန့်မှန်းခြေတွင် ရှစ်လအတွင်း သုံးစွဲငွေမှာ ငွေကျပ်ဘီလီယံပေါင်း ၃၉၀၀၀ ကျော်ဖြစ်ပြီး ကျန်ရှိသည့် လေးလကာလအတွင်း သုံးရန်လျာထားသည့်သုံးငွေမှာ ငွေကျပ်ဘီလီယံပေါင်း ၄၁၀၀၀ ကျော်ဖြစ်သည်ကို တွေ့ရကြောင်း၊ ယခင်နှစ်တွင် ဝန်ကြီးဌာနများက မသုံးနိုင်သည့် ပိုလျှံငွေများ ပြန်လည်အပ်နှံသည်ကို တွေ့ရှိရကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ကျန်ရှိသည့် လေးလနှင့် ယခုဘဏ္ဍာနှစ်အတွင်း လုပ်ငန်းများပြီးစီးအောင် သုံးစွဲရမည့် အသုံးစရိတ်နှင့် လုပ်ငန်းပြီးစီးမှုအပေါ် စိစစ်ဆွေးနွေးပေးရန်ဖြစ်ကြောင်း၊ ထိုသို့ စိစစ်ရာမှ အသုံးစရိတ်များ ထပ်မံလျှော့ချနိုင်မည်ဖြစ်ပြီး ရရှိလာသည့်ပိုလျှံငွေများကို ရာဂီမုန်တိုင်း နောက်ဆက်တွဲလုပ်ငန်းများတွင် အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ် သတ်မှတ်ထားသည့် မတ်လ ၁၅ ရက်မတိုင်မီ ပြီးစီးအောင် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများကို ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီ၏ စိစစ်ပြီးအခြေအနေအပေါ် ရငွေနှင့် အသုံးစရိတ်များ တိုးမြှင့်လိုခြင်း၊ စိစစ်လျှော့ချလိုခြင်းများရှိပါက တင်ပြပေးကြရန်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ပြည်ထောင်စုနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများ ကြိုတင်စိစစ်ရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး ညိုစောက ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ ကြိုတင်စိစစ်ဆောင်ရွက်ခဲ့မှု၊ ထိုသို့ စိစစ်ရာတွင် နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအား စိစစ်ဆောင်ရွက်ခဲ့မှုနှင့် ဦးစားပေးလုပ်ငန်းများအတွက် အသုံးစရိတ်များ တိုးမြှင့်ခွင့်ပြုပေးခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများအား စိစစ်ပြီးစီးမှုအခြေအနေ၊ မူလခန့်မှန်းခြေငွေစာရင်းနှင့် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်း အခြေအနေနှင့် နိုင်ငံပိုင် နိုင်ငံခြားငွေ ရငွေနှင့်သုံးငွေမူလခန့်မှန်းခြေငွေစာရင်းနှင့် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းအခြေအနေတို့ကို လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးမင်းထွန်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းများ စိစစ်ပြီးစီးမှုနှင့် ဖြည့်စွက်ခွင့်ပြုသည့်အသုံးစရိတ်များကို လည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက ရငွေ၊ သုံးငွေ စာရင်းများနှင့် စပ်လျဉ်းသည့် စာရင်းစစ်ဆေးခြင်းဆိုင်ရာများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဘဏ္ဍာရေးဆိုင်ရာကော်မရှင်အတွင်းရေးမှူးက ဖြည့်စွက်ဆွေးနွေးသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဒုတိယဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် ၎င်း၏ခန့်အပ်လွှာပေးအပ်



**နေပြည်တော် နိုဝင်ဘာ ၂၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (United Nations World Food Programme – WFP) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Michael John Dunford သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ၎င်း၏ ခန့်အပ်လွှာကို လာရောက်ပေးအပ်သည်။

ထိုသို့ လာရောက်ပေးအပ်စဉ် WFP က မြန်မာနိုင်ငံတွင် လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသော ကိစ္စများနှင့်စပ်လျဉ်း၍ WFP မှ မြန်မာနိုင်ငံ၌ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စများနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ (Global Fund) မှ Senior Fund Portfolio Manager Ms. Maria Izaskun Gaviria Ayucar ကိုလက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့ (Global Fund to Fight AIDS, Tuberculosis and Malaria– Global Fund) မှ Senior Fund Portfolio Manager Ms. Maria Izaskun Gaviria Ayucar ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ Global Fund က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး မြန်မာနိုင်ငံနှင့် Global Fund တို့အကြား ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြင့်တင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရန်ပုံငွေအဖွဲ့မှ Senior Fund Portfolio Manager Ms. Maria Izaskun Gaviria Ayucar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၀**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့အခြေစိုက် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့ (The Global Fund) မှ Senior Fund Portfolio Manager Ms. Maria Izaskun Gaviria Ayucar ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ၂၀၂၄–၂၀၂၆ ခုနှစ်အတွက် ဝန်ကြီးဌာနနှင့် ကမ္ဘာလုံးဆိုင်ရာ ရန်ပုံငွေအဖွဲ့ (The Global Fund) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် တီဘီရောဂါ၊ ခုခံကျကာလသားရောဂါနှင့် ငှက်ဖျားရောဂါကာကွယ်ကုသရေးလုပ်ငန်းများကို ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့် ခုခံကျကာလသားရောဂါ တိုက်ဖျက်ရေး ဆေးဝါးများနှင့် တီဘီရောဂါကုသရေးဆေးဝါးများ ဝယ်ယူပေးလျက်ရှိသည့် အခြေအနေများနှင့် ဆေးဝါးများလုံလောက်မှုရှိစေရေး ဝန်ကြီးဌာနက ဆောင်ရွက်ပေးနေသည့်ကိစ္စရပ်များ၊ ရန်ပုံငွေသုံးစွဲမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ပေးနေသည့် အခြေအနေများ၊ နှစ်ဦးနှစ်ဖက် အပြန်အလှန် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ The Global Fund မှကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးလွင်ဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Pyotr ILYICHEV ကို လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးလွင်ဦးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Pyotr ILYICHEV ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲ နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ ထို့နောက် မြန်မာ–ရုရှား နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညွှန်ကြားရေးမှူးချုပ်အဆင့်ဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ နှစ်နိုင်ငံအကြား ကုလသမဂ္ဂနှင့် နိုင်ငံတကာမျက်နှာစာ၌ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့ ရုရှားသံရုံးမှ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး H.E. Mr. Iskander Azizov တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. က တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV–6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Fara Myanmar EV Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် DAYUN YUEHU S1 (VIP EDITION) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဖွဲ့စည်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၁၈၈ / ၂၀၂၄

၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်
( ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် )

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဖွဲ့စည်းခြင်း**

သတင်းမီဒီယာဥပဒေပုဒ်မ ၁၃ အရ **"မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ"**ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ဒေါက်တာတင်ထွန်းဦး | ဥက္ကဋ္ဌ |
| (၂) | ဦးခင်မောင်ဇော် | ဒုတိယဥက္ကဋ္ဌ(၁) |
| (၃) | ဦးခင်မောင်ကျော်ဒင် | ဒုတိယဥက္ကဋ္ဌ(၂) |
| (၄) | ဦးတင်ကိုကို | ဘဏ္ဍာရေးမှူး |
| (၅) | ဦးစိန်တိုး(ဆန်းလင်း) | စာရင်းစစ် |
| (၆) | ဒေါက်တာဇော်သန်း | ကောင်စီဝင် |
| (၇) | ပါမောက္ခဒေါက်တာမြသိန်းဟန် | ကောင်စီဝင် |
| (၈) | ဒေါက်တာခင်မောင်လွင် | ကောင်စီဝင် |
| (၉) | ဒေါက်တာတင်အောင်ခိုင် | ကောင်စီဝင် |
| (၁၀) | ဦးအောင်ကြည်<br>(အောင်ကြည်ညွန့်-တက္ကသိုလ်) | ကောင်စီဝင် |
| (၁၁) | ဦးမြင့်သိန်း<br>(မောင်မောင်မြင့်သိန်း) | ကောင်စီဝင် |
| (၁၂) | ဦးကြည်ညွန့် | ကောင်စီဝင် |
| (၁၃) | ဒေါက်တာစန်းဦး | ကောင်စီဝင် |
| (၁၄) | ဦးမြတ်စိုး(မြတ်စိုး-လှိုင်) | ကောင်စီဝင် |
| (၁၅) | ဦးသိုက်ထွန်း | ကောင်စီဝင် |
| (၁၆) | ဦးဥက္ကာအေး | ကောင်စီဝင် |
| (၁၇) | ဦးဝင်းနိုင်(မင်းဆက်ပိုင်) | ကောင်စီဝင် |
| (၁၈) | ဦးစန်းလွင် | ကောင်စီဝင် |
| (၁၉) | ဦးပြည်စိုးဟန် | ကောင်စီဝင် |
| (၂၀) | ဦးတင်ဝင်း<br>(တင်ဝင်းလေး-ကြည့်မြင်တိုင်) | ကောင်စီဝင် |
| (၂၁) | ဒေါ်နီလာမျိုးဦး | ကောင်စီဝင် |
| (၂၂) | ဒေါ်နှင်းအေးခိုင် | ကောင်စီဝင် |
| (၂၃) | ဦးအေးချမ်း | အတွင်းရေးမှူး |
| (၂၄) | ဦးလှထွန်းဦး<br>(ကာတွန်းလှထွန်း) | တွဲဖက်အတွင်းရေးမှူး(၁) |
| (၂၅) | ဦးရဲမင်းစိုး<br>(မောင်မောက်ဝတ်လုံ) | တွဲဖက်အတွင်းရေးမှူး(၂) |

အမိန့်အရ

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သမဝါယမအသင်းပိုင် ဆီစက်ဖွင့်ပွဲနှင့် စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများပေးအပ်ပွဲ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၀**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာသို့ သွားရောက်ပြီး သားတင်ဦး အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းနှင့် ကျောက်စိမ်းလယ်ယာနှင့်အထွေထွေစီးပွားရေးသမဝါယမအသင်းတို့ အကျိုးတူပူးပေါင်းဆောင်ရွက်သော အိမ်ရှင်မဆီစက်ဖွင့်ပွဲသို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက အိမ်ရှင်မဆီစက်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ဆီစက်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ပုဗ္ဗသီရိမြို့နယ် ဖြူတ်ခွဲကျေးရွာတွင် တန်ဖိုးမြှင့်စားသုံးဆီထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းကို သမဝါယမအသင်းနှစ်သင်း ပေါင်းစပ်ဆောင်ရွက်ခဲ့ပြီး တစ်ရက်လျှင် မြေပဲဆီ ၅၀၄ ပိဿာ၊ တစ်လလျှင် ပိဿာ ၁၅၁၂၀၊ တစ်နှစ်လျှင် ပိဿာ ၁၈၁၄၄၀ ကြိတ်ခွဲထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ကုန်ကြမ်းဝယ်ယူရရှိရေးအတွက် တစ်နှစ်လျှင် မြေပဲစိုက်ဧက ၃၅၁၂ ဒသမ ၀၆ ဧကကို အကျိုးပြုပေးမည်ဖြစ်ကြောင်း၊ စက်ရုံအတွက် လိုအပ်သည့် ဆီထွက်သီးနှံကုန်ကြမ်းများကို ဒေသတွင်း တောင်သူများထံမှ ဝယ်ယူနိုင်ရေး စီစဉ်ဆောင်ရွက်ရန်နှင့် စက်ရုံရေရှည်လည်ပတ်နိုင်ရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီကြိတ်ခွဲစက်များ ထူထောင်ရေးလုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သားတင်ဦး အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းဥက္ကဋ္ဌက စက်ရုံတည်ဆောက်ခဲ့မှုမှတ်တမ်းများ၊ ကြိတ်ခွဲလည်ပတ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးပြီး စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထိုမှတစ်ဆင့် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ကျင်းပသော အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းဖြင့် ဖွင့်လှစ်ခဲ့သည့် သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်း၊ ဝါးအခြေခံလက်မှုထည်သင်တန်း၊ သစ်အခြေခံ ပရိဘောဂသင်တန်းနှင့် ရေခဲမုန့်အမျိုးမျိုးထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲများသို့တက်ရောက်၍ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဇေယျာသီရိမြို့နယ် ဝန်ပြန်ကျေးရွာမှ သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ထူးချွန်သူ ငါးဦးကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ပုဗ္ဗသီရိမြို့နယ် ရွာသစ်ကျေးရွာမှ သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် ထူးချွန်သူ ငါးဦးကိုလည်းကောင်း လုပ်ငန်းသုံးစက်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်ဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက သင်တန်းအလိုက် ထူးချွန်သူ ငါးဦးတို့ကို လုပ်ငန်းသုံးပစ္စည်းများနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြရာ သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

၁။ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဩဂုတ်(၁) ရက်နေ့မှစပြီး နိုဝင်ဘာလ ၃၀ ရက်နေ့အထိ နေ့စဉ် နံနက် (၆:၀၀) နာရီမှစပြီး '၀'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း (ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာအစီအစဉ်များကို ည (၂၃:၀၀)နာရီ အထိ ထုတ်လွှင့်လျက်ရှိသည်။

၂။ ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့မှစပြီး မတ်လ ၃၁ ရက်နေ့အထိ နေ့စဉ်နံနက် (၆:၀၀) နာရီမှ (၈:၀၀) နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက်(၈:၀၀) နာရီမှ (၁၀:၀၀)နာရီအထိ ကယားဘာသာအစီအစဉ်၊ နံနက် (၁၀:၀၀) နာရီမှ နံနက်(၁၁:၀၀) နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ နံနက်(၁၁:၀၀)နာရီမှ မွန်းတည့် (၁၂:၀၀) နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းတည့် (၁၂:၀၀) နာရီမှ မွန်းလွဲ (၁၃:၀၀)နာရီ အထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၃:၀၀)နာရီမှ မွန်းလွဲ (၁၄:၀၀) နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ မွန်းလွဲ (၁၄:၀၀)နာရီမှ ညနေ(၁၅:၀၀) နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ ညနေ (၁၅:၀၀)နာရီမှ ည (၁၇:၀၀) နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည(၁၇:၀၀) နာရီမှ (၁၉:၀၀)နာရီအထိ ရခိုင် ဘာသာအစီအစဉ်၊ ည (၁၉:၀၀) နာရီမှ (၂၁:၀၀) နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ ည (၂၁:၀၀) နာရီမှ (၂၃:၀၀) နာရီအထိ " ၀ " ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်သည်။



## ကျွန်းစုမြို့တွင် မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများ အသိပညာပေးဟောပြော

**ကျွန်းစု နိုဝင်ဘာ ၂၀**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာများအကြောင်း ဟောပြောပွဲကို နိုဝင်ဘာ ၁၉ ရက်နံနက်ပိုင်းက ကျွန်းစုမြို့ အထက (ခွဲ) ကဘင်းချောင်းၛွ ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန်းဇော်ဝင်းက မီးခိုးမြူငွေ့ဖြစ်ပေါ်လာသည့်အချက်များ၊ မီးခိုးမြူငွေ့အမျိုးအစားများ၊ မီးခိုးမြူငွေ့၏ဆိုးကျိုးများ၊ ကာကွယ်သည့်နည်းလမ်းများ၊ ကမ္ဘာ့ဒီရေတောများ ပေါက်ရောက်ရာဒေသများ၊ မြန်မာနိုင်ငံရှိ ဒီရေတောပေါက်ရောက်ရာဒေသများ၊ ဒီရေတောများ၏ အသုံးဝင်ပုံနှင့် အကျိုးကျေးဇူးများအကြောင်းကို ဟောပြောခဲ့သည်။

ထို့နောက် သစ်တောဦးစီးဌာနမှ ကျောင်းသုံးဗလာစာအုပ်နှင့် ဘောပင်များကို ပေးအပ်ခဲ့ပြီး အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးသန့်၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ကျော်မိုး၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ထက်မြင့်(ကျွန်းစု)**

# မိုင်ပေါင်း ၄၀၀၀ ကျော်ခရီး

ထက်မြတ်

**“စာအုပ်ပေါင်း တစ်သောင်းဖတ်ခြင်းထက် ခရီးမိုင်တစ်သောင်းသွားခြင်းက ပို၍အမြင်ကျယ်၏”** ဆိုတဲ့ တရုတ်ဆိုရိုးစကားရှိပါတယ်။ ခရီးသွားခြင်းဟာ ကောင်းကျိုးများစွာရှိပြီး ပျော်ရွှင်စရာကောင်းသော်လည်း ပင်ပန်းသည်ကတော့ အမှန်ပင်။ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပြည်ပခရီးစဉ် ခြောက်ရက်တာအတွင်း မိုင်ပေါင်း ၄၀၀၀ ကျော်သွားခဲ့ရတဲ့ ခရီးတစ်ခုဖြစ်ပြီး နေပြည်တော်-ကူမင်း အသွားအပြန်ခရီးမှာ မိုင် ၁၀၀၀ ကျော်ရှိတဲ့အတွက် တရုတ်နိုင်ငံအတွင်း မိုင်ပေါင်း ၃၀၀၀ ကျော် မနားတမ်းခရီးနှင်ခဲ့ရခြင်းဖြစ်ပါတယ်။ အစည်းအဝေးများတက်ရောက်ခြင်း၊ အခမ်းအနားများတက်ရောက်ခြင်းနှင့် လှည့်လည်ကြည့်ရှုခြင်းများအပါအဝင် မိုင်ပေါင်း ၃၀၀၀ ကျော်ခရီးမှာ တစ်ရက်ပျမ်းမျှ မိုင် ၅၀၀ ကျော် သွားလာခဲ့ခြင်းဖြစ်တဲ့အတွက် သာမန်လူငယ်များအတွက်ပင် ခက်ခဲသောခရီးရှည်ဖြစ်၍ ပင်ပန်းလွန်းလှမည်မှာ အသေအချာဖြစ်ပါတယ်။ ခရီးစဉ်အတွင်း အားလပ်ချိန် အလွန်နည်းပါးခဲ့သော်လည်း နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းတဲ့ ခရီးစဉ်ဖြစ်သဖြင့် ပင်ပန်းရကျိုးနပ်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။

**အများကောင်းကျိုး ရွက်သယ်ပိုး**

လူဆိုတာ အတ္တနဲ့ကင်းတဲ့သူကတော့ ခပ်ရှားရှားခင်ဗျ။ တချို့ကျတော့လည်း ကိုယ့်အတ္တကိုယ်ပဲ ရှေ့တန်းတင်လွန်းပြီး တခြားသူတွေအတွက် မစဉ်းစားနိုင်တော့ဘူး မဟုတ်လား။ နိုင်ငံတော်အတွက်ဆိုရင်တော့ ဝေလာဝေးပေါ့။ ဒါကြောင့်လည်း ပရဟိတဆိုတဲ့ အများကောင်းကျိုး ရွက်သယ်ပိုးခြင်းက အင်မတန်မှ လေးစားဂုဏ်ယူထိုက်တဲ့ အလုပ်တစ်ခုလို့ ရှေးလူကြီးသူမတွေက ဆိုဆုံးမခဲ့ကြတာပါ။

ပရဟိတဆိုတဲ့ အများကောင်းကျိုး ရွက်သယ်ပိုးသူတွေထဲမှာ နိုင်ငံတော်ကို အုပ်ချုပ်နေရတဲ့သူတွေလည်း မပါမဖြစ်ပါဝင်တယ်ခင်ဗျ။ နိုင်ငံတော်ကိုအုပ်ချုပ်နေရသူတွေရဲ့ လုပ်ဆောင်မှုအကြောင်းတိုင်းဟာ နိုင်ငံမှာမှီတင်းနေထိုင်နေကြတဲ့ ပြည်သူပြည်သားအပေါင်းတို့အတွက် အကျိုးဆိုတဲ့ရလဒ်ကို ရရှိစေပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ကူမင်းလေဆိပ်တွင် တာဝန်ရှိသူများ၊ တရုတ်ရိုးရာယဉ်ကျေးမှုအဖွဲ့များက သောင်းသောင်းဖြဖြ လှိုက်လှဲနွေးထွေးစွာကြိုဆိုကြစဉ်။

ဒီအတွက်ကြောင့်လည်း နိုင်ငံတော်အပေါ် စေတနာမှန်တဲ့ နိုင်ငံတော်အကြီးအကဲတွေဟာ ကုသိုလ်ရဲ့အကျိုးကို ရရှိကြတာမဟုတ်ပါလားခင်ဗျာ။

ကျွန်တော်တို့ လက်ရှိအချိန်မှာဆိုရင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်လို ပုဂ္ဂိုလ်မျိုးကို နိုင်ငံတော်အကြီးအကဲအဖြစ် ရရှိထားတာဟာ ပြည်သူတွေအတွက်တော့ တော်တော်လေးကို အကျိုးများတယ်လို့ ပြောလို့ရတယ်ခင်ဗျ။ အနီးစပ်ဆုံးဥပမာပေးရရင် မကြာသေးခင်ကမှ တရုတ်အစိုးရရဲ့ဖိတ်ကြားချက်အရ သွားရောက်ခဲ့တဲ့ ခရီးစဉ်ကို လက်ညှိုးထိုးပြရပါလိမ့်မယ်။

အဲဒီခရီးစဉ်မှာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ဟာ သူ့အတွက် ကိုယ်ပိုင်အချိန် အလွန်နည်းပါးပြီး နိုင်ငံတော်အကျိုးအတွက် ရလဒ်ထွက်ပေါ်စေမယ့် ဆွေးနွေးမှုတွေကိုသာ ဦးစားပေးလုပ်ဆောင်ခဲ့တာ တွေ့ရပါတယ်။ နိုင်ငံတော်အကြီးအကဲအနေနဲ့ သူ့အတွက် ကိုယ်ပိုင်အချိန် ဘယ်လောက်အထိ နည်းပါးတယ်ဆိုတာမပြောခင် သူ့ရဲ့ကြိုးပမ်းစွမ်းဆောင်မှုတွေကြောင့် နိုင်ငံတော်အတွက် ဘယ်လိုအကျိုးရလဒ်တွေ ထွက်ပေါ်ရရှိခဲ့တယ်ဆိုတာ ဦးစွာ ပြောချင်ပါတယ်။

နိုင်ငံတော်အကြီးအကဲဟာ နိုဝင်ဘာလ ၅ ရက်မှ ၁၀ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးသွားရောက်ခဲ့တာပါ။ တချို့တွေက ပြောကြတာတွေလည်း ရှိတယ်ခင်ဗျ။ ပြောကြတယ်ဆိုတာထက် တိုက်ခိုက်ကြတယ်လို့ပြောရင် ပိုမှန်မလားပဲ။ ဘာလဲဆိုတော့ ဒီခရီးစဉ်ဟာ နိုင်ငံတော်အဆင့် ခရီးစဉ်မဟုတ်ဘူးဆိုပြီး ပြောနေကြတာပါ။ ဒါကလည်း သူတို့အနေနဲ့ ဒီခရီးစဉ်အကြောင်းကို အသေးစိတ်မသိလို့ဘဲလို့ ယူဆလိုက်ပါတယ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ကို အရင်ဦးဆုံးသွားတာပါ။ ကူမင်းမြို့ကို ရောက်တဲ့အချိန်မှာ လေယာဉ်ပေါ်ကဆင်းဆင်းချင်းမှာပဲ နိုင်ငံတော်ဝန်ကြီးချုပ်ကို ကြိုဆိုတာက ကော်ဇောနီ(Red Carpet) ခင်းပြီးတော့ ကြိုဆိုတာဖြစ်ပါတယ်။ ဒီလိုမျိုး ကော်ဇောနီခင်းပြီးကြိုဆိုတယ်ဆိုတဲ့အဓိပ္ပာယ်က ဒီခရီးစဉ်ကို လာသူဟာ နိုင်ငံတော်အဆင့်အကြီးအကဲဖြစ်တယ်ဆိုပြီး အသိအမှတ်ပြုခြင်း တစ်မျိုးဖြစ်ပါတယ်။

ဥပမာအားဖြင့် အိန္ဒိယဝန်ကြီးချုပ်တို့၊ ရုရှားသမ္မတတို့လိုမျိုး နိုင်ငံတော်အကြီးအကဲတွေဟာ တရုတ်နိုင်ငံကို သွားရောက်တိုင်း ကော်ဇောနီခင်းပြီး အကြိုဆိုခံရသူတွေချည်းပါပဲ။ ဝန်ကြီးအဆင့်လောက်ကိုတော့ ကော်ဇောနီ (Red Carpet) မခင်းပေးပါဘူး။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီးကိုတောင်မှ ကော်ဇောနီခင်းပြီးကြိုဆိုတာမျိုးမလုပ်တာ တွေ့ရပါတယ်။ ဒါကြောင့် တရုတ်နိုင်ငံက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို နိုင်ငံတော်အကြီးအကဲ တစ်ယောက်အနေနဲ့သတ်မှတ်ပြီး ကော်ဇောနီ(Red Carpet) ခင်း ကြိုဆိုတာဖြစ်တယ်လို့ ဦးစွာပြောပါရစေ။ ဒါ့အပြင် ယူနန်ပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုး ၂၅ မျိုးခန့်ကို ကိုယ်စားပြုတဲ့ တိုင်းရင်းသားအကအဖွဲ့များကလည်း တိုင်းရင်းသားရိုးရာဝတ်စုံများကိုဝတ်ဆင်ပြီး လေဆိပ်မှာ နိုင်ငံတော်ဝန်ကြီးချုပ်ကို သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြတာကို တွေ့မြင်ရတာဟာ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ အလွန်ပင်ဝမ်းသာဂုဏ်ယူဖွယ်ဖြစ်ရပါတယ်။

နောက်တစ်ခုက နိုင်ငံတော်ဝန်ကြီးချုပ်ကို ကြိုဆိုပို့ဆောင်ပေးရာမှာ အသုံးပြုတဲ့ယာဉ်ကို ကြည့်ရင်လည်း ဒီခရီးစဉ်က နိုင်ငံတော်အဆင့်ခရီးစဉ်ဆိုတာ သိသာစေနိုင်ပါတယ်။ ဒီခရီးစဉ်မှာ တရုတ်ဘက်က အသုံးပြုပေးသွားတာက Hongqi L5 အမျိုးအစားကျည်ကာယာဉ်တွေ ဖြစ်ပါတယ်။ ဒီလိုယာဉ်မျိုးကိုလည်း တရုတ်နိုင်ငံက နိုင်ငံတော်အဆင့် ခရီးစဉ်တွေမှာသာ အသုံးပြုတာပါ။ တရုတ်သမ္မတက အမေရိကန်နိုင်ငံကို သွားရောက်ပြီး သမ္မတဂျိုးဘိုင်ဒင်နဲ့ တွေ့ဆုံစဉ်မှာလည်း ဒီကားကိုပဲ ယူသွားပြီး အသုံးပြုခဲ့တာ ဖြစ်ပါတယ်။

အခုတင်ပြသွားတဲ့ အရာတွေက ဒီခရီးစဉ်က နိုင်ငံတော်အဆင့်ခရီးစဉ်မဟုတ်ဘူးဆိုပြီး ပြောဆိုနေကြတဲ့၊ တိုက်ခိုက်နေကြတဲ့သူတွေ အမြင်ရှင်းလင်းသွားအောင် ရှာဖွေဖော်ထုတ် ရေးသားတင်ပြခြင်းပဲဖြစ်ပါတယ်။ ဒါ့အပြင် ဒီခရီးစဉ်ဟာ တချို့တွေလိုမျိုး မျက်နှာသွားပြတဲ့ နိုင်ငံတော်အဆင့်ခရီးစဉ်လိုမျိုး မဟုတ်ဘဲ တကယ်ကို အလုပ်ဖြစ်တဲ့ နိုင်ငံတော်အဆင့် အလုပ်သဘောခရီးစဉ်ဖြစ်တယ်ဆိုတဲ့အကြောင်းကို အောက်မှာ ဆက်လက်တင်ပြသွားပါမယ်။



နိုင်ငံတော်ဝန်ကြီးချုပ်၏ ခရီးစဉ်တစ်လျှောက် အသုံးပြုခဲ့သည့် Hongqi L5 ကျည်ကာယာဉ်ကို တွေ့ရစဉ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တရုတ်နိုင်ငံခရီးစဉ်အတွင်းမှာ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီကျန်းနဲ့တွေ့ဆုံပြီး နှစ်နိုင်ငံကြားမှာ အပြုသဘောဆောင်တဲ့ သဘောတူညီချက်တွေ များစွာရရှိခဲ့တာကို တွေ့ရပါတယ်။ ဒီလိုမျိုးမတွေ့ဆုံမီမှာ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်-မြန်မာ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ ဦးစွာ တွေ့ဆုံခဲ့ပါတယ်။ နေပြည်တော်ကနေ ကူမင်းလေဆိပ်ကို ရောက်၊ ကူမင်းလေဆိပ်ကနေ တရုတ်အစိုးရက စီစဉ်ပေးထားတဲ့ အထူးတည်းခိုရာနေရာအရောက် ခရီးရောက်မဆိုက်မှာပဲ တွေ့ဆုံခဲ့တာဖြစ်ပါတယ်။

**“ တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်ပါတယ်။**

**ဒီလိုဖိတ်ခေါ်ရာမှာလည်း ကဏ္ဍတစ်ခုတည်းအတွက်သာ ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်တာမဟုတ်ပါဘူး။ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြေခံစက်မှုကုန်ကြမ်းထုတ်လုပ်ရေးလုပ်ငန်း၊ ဓာတ်မြေဩဇာလုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ လျှပ်စစ်ကားလုပ်ငန်း၊ ဆေးဝါးနဲ့ဆေးပစ္စည်းကိရိယာများထုတ်လုပ်ရေးလုပ်ငန်း၊ စားသုံးဆီထုတ်လုပ်ရေးလုပ်ငန်း အစရှိတဲ့ နယ်ပယ်စုံကဏ္ဍစုံမှာ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်ဖို့အတွက် ဖိတ်ခေါ်ခဲ့တာပါ ”**

စာမျက်နှာ ၇ သို့ ✤

✤ စာမျက်နှာ ၆ မှ

တွေ့ဆုံမှုဟာ နဂိုစီစဉ်ထားတာထက် တစ်နာရီကျော်လောက် ပိုကြာသွားပါတယ်။ တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေက မြန်မာနိုင်ငံအပေါ်မှာ စိတ်ဝင်စားမှုမြင့်မားလှပါတယ်။ သိချင်တဲ့မေးခွန်းတွေ၊ အနာဂတ်အရေးတွေကလည်း များပြားလှပါတယ်။ သက်ဆိုင်ရာဝန်ကြီးတွေကလည်း စိတ်ရှည်လက်ရှည် ဖြေပြရှင်းပြကြတယ်။ ဝန်ကြီးချုပ်က အမေးအဖြေတွေကို သေချာနားထောင်ပြီး လိုအပ်တာတွေ၊ အရေးကြီးတာတွေကို ကိုယ်တိုင်ဖြည့်စွက် ထပ်မံဖြေကြားပေးပါတယ်။ တရုတ်စီးပွားရေးလုပ်ငန်းရှင်တွေအနေနဲ့ မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြဖို့ ဖိတ်ခေါ်ပါတယ်။

**ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်ဖို့ ဖိတ်ခေါ်**

ဒီလိုဖိတ်ခေါ်ရာမှာလည်း ကဏ္ဍတစ်ခုတည်းအတွက်သာ ရင်းနှီးမြှုပ်နှံဖို့ ဖိတ်ခေါ်တာ မဟုတ်ပါဘူး။ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အခြေခံစက်မှုကုန်ကြမ်းထုတ်လုပ်ရေးလုပ်ငန်း၊ ဓာတ်မြေသြဇာလုပ်ငန်း၊ ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်း၊ လျှပ်စစ်ကားလုပ်ငန်း၊ ဆေးဝါးနဲ့ ဆေးပစ္စည်းကိရိယာများ ထုတ်လုပ်ရေးလုပ်ငန်း၊ စားသုံးဆီထုတ်လုပ်ရေးလုပ်ငန်းအစရှိတဲ့ နယ်ပယ်စုံ ကဏ္ဍစုံမှာ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ဆောင်ဖို့အတွက် ဖိတ်ခေါ်ခဲ့တာပါ။

ဒ့ါအပြင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုနဲ့အတူ နည်းပညာတွေကိုလည်း လွှဲပြောင်းရရှိနိုင်အောင် ထည့်သွင်းပြောသွားတာကို တွေ့ရပါတယ်။ နည်းပညာဆိုတာ နိုင်ငံတစ်နိုင်ငံအတွက် သိပ်အရေးကြီးတဲ့ ကဏ္ဍတစ်ခုဖြစ်လာပါပြီ။ ဒီအချိန်မှာ နည်းပညာတိုးတက်မှုရှိတဲ့နိုင်ငံက ကမ္ဘာ့ထိပ်ဆုံးကို အချိန်တိုအတွင်းရောက်ရှိသွားတာဖြစ်ပါတယ်။ ဒီအခြေအနေကို မြော်တွေးပြီးတော့လည်း နိုင်ငံတော်ဝန်ကြီးချုပ်က ရင်းနှီးမြှုပ်နှံမှုတွေကနေ နည်းပညာရရှိအောင် ကြိုးပမ်းနေတာ ဖြစ်ပါတယ်။

တွေ့ဆုံပွဲအပြီး နေ့လယ်စာစားရာမှာ အချိန်ကတော်တော်လေးလင့်နေပါပြီ။ ဒီနေရာမှာလည်း မြန်မာ့စီးပွားရေးအခွင့်အလမ်းတွေအပေါ် စိတ်ဝင်စားမှုမြင့်တက်နေတဲ့ လုပ်ငန်းရှင်တွေက ဝန်ကြီးချုပ်ကို တစ်ဦးပြီးတစ်ဦး လာမိတ်ဆက် မေးမြန်းနေကြပြန်ပါတယ်။ အားလုံးကို စိတ်ရှည်လက်ရှည်ပြန်ရှင်းပြနေတဲ့ ဝန်ကြီးချုပ်ရဲ့ နိုင်ငံအပေါ်ထားတဲ့ စေတနာဟာလေးစားစရာပါ။ နေ့လယ်စာစားပြီးတာနဲ့ အနားမရဘဲ မွန်းလွဲပိုင်းမှာ ယူနန်အသက်မွေးဝမ်းကျောင်းနှင့် စက်မှုလက်မှု နည်းပညာကောလိပ်နဲ့ ကူမင်းသိပ္ပံနှင့် နည်းပညာတက္ကသိုလ်တို့ကို သွားရောက်လေ့လာကြည့်ရှုပါတယ်။ ဒီလိုမျိုး သွားရောက်လေ့လာကြည့်ရှုမှုက နိုင်ငံ့အနာဂတ်လူငယ်တွေရဲ့ စွမ်းရည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖော်ဆောင်ရမယ့်အရာတွေကို လေ့လာပြီး ကိုယ့်နိုင်ငံအတွင်းမှာ ပြန်လည်အကောင်အထည်ဖော်ဖို့ ဖြစ်ပါတယ်။

ပြီးတဲ့အခါ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ညနေပိုင်းမှာ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီကော်မတီအတွင်းရေးမှူး မစ္စတာဝမ်နင်းနဲ့တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ပါတယ်။ ယူနန်ပြည်နယ်နဲ့ မြန်မာနိုင်ငံတို့ဆိုတာ နယ်နိမိတ်ချင်းထိစပ်မှု အများဆုံးဖြစ်တဲ့အတွက် ပူးပေါင်းဆောင်ရွက်မှုတွေလည်း အများဆုံးလုပ်ရပါတယ်။ နိုင်ငံရေး၊ စီးပွားရေး အစရှိတဲ့ နယ်ပယ်အစုံမှာ ပူးပေါင်းဆောင်ရွက်ကြတာပါ။

ဒါကြောင့်လည်း နိုင်ငံတော်ဝန်ကြီးချုပ်က မစ္စတာဝမ်နင်းနဲ့ တွေ့ဆုံစဉ်မှာ နှစ်နိုင်ငံကြား နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးကို အတူတကွပူးပေါင်းပြီး အရှိန်မြှင့်တင်ဆောင်ရွက်သွားဖို့ လိုအပ်တဲ့အကြောင်း၊ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုတွေ လာရောက်လုပ်ကိုင်ဖို့ ဖိတ်ခေါ်ကြောင်းနဲ့ လူသားအရင်းအမြစ်လေ့ကျင့်မွေးထုတ်ရေးတို့နဲ့ ပတ်သက်ပြီး ဆွေးနွေးမှုတွေလုပ်ဆောင်နိုင်ခဲ့တာတွေ့ရပါတယ်။ ဒီလိုမျိုးဆွေးနွေးမှုတွေထဲမှာ မြန်မာနိုင်ငံရဲ့အကျိုးစီးပွားအတွက်သာ ဦးစားပေးပြောဆိုလုပ်ဆောင်ခဲ့တာပါ။ ဒီဆွေးနွေးမှုဟာ ညပိုင်းနိုင်ငံတော်အဆင့်ဂုဏ်ပြုညစာစားပွဲအထိ ပွဲဆက်ခဲ့ပါတယ်။ ကြီးကျယ်ခမ်းနားလှတဲ့ ညစာစားပွဲရဲ့အရသာကို ကျန်တဲ့သူတွေ ခံစားနိုင်ပေမယ့် နိုင်ငံ့အရေးကိုသာ အလေးထားနေတဲ့ ဝန်ကြီးချုပ်ကတော့ ညနေပိုင်းတွေ့ဆုံပွဲရဲ့အဆက် အမြင်ချင်းဖလှယ်ဆွေးနွေးမှုတွေနဲ့ အချိန်ကုန်ခဲ့ရပါတယ်။

နောက်တစ်နေ့ မနက်မှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ကူမင်းမြို့မှာရှိတဲ့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ဝန်ထမ်းမိသားစုများ၊ ပညာတော်သင် သင်တန်းသားများကိုတွေ့ဆုံပြီး အမှာစကားပြောကာ လိုအပ်တာတွေကို ဖြည့်ဆည်းပေးခဲ့ပြန်ပါတယ်။ တကယ်တမ်းဆိုရင် နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ဒီလိုမျိုး သွားရောက်တွေ့ဆုံမှုတွေ မလုပ်လည်းရပါတယ်။ ဒါပေမဲ့ နိုင်ငံတော်အကြီးအကဲက ရေခြားမြေခြားမှာ နိုင်ငံ့တာဝန်ထမ်းဆောင်နေရသူတွေကို နွေးထွေးမှုပေးတဲ့အနေနဲ့ သွားရောက်တွေ့ဆုံခဲ့တာလို့ မှတ်ယူရပါတယ်။

ပြီးတဲ့အခါမှာ နိုင်ငံတော်ဝန်ကြီးချုပ်က ထိပ်သီးအစည်းအဝေးတွေကို တက်ရောက်ဖို့ ရောက်ရှိနေတဲ့ ဝန်ကြီးချုပ်တွေနဲ့ သီးခြားစီတွေ့ဆုံပါတယ်။ ဒီလိုတွေ့ဆုံရာမှာ နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုနဲ့ သံတမန်ဆက်ဆံရေးကိစ္စရပ်များ၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ လူမှုရေးကဏ္ဍနဲ့ ယဉ်ကျေးမှုကဏ္ဍများ မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ၊ အခြားကဏ္ဍများမှာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များနဲ့ပတ်သက်ပြီး ဆွေးနွေးကြပါတယ်။

တစ်နည်းပြောရရင် နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ထိပ်သီးအစည်းအဝေးတွေကို တက်ရောက်လာတဲ့ နိုင်ငံတွေက ခေါင်းဆောင်များအားလုံးနဲ့ တွေ့ဆုံခဲ့တာကြောင့် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်တွေကို ဆွေးနွေးနိုင်တဲ့အပြင် လက်ရှိမြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေများအားလုံးကိုလည်း အမှန်အတိုင်း အသိပေးခွင့် ရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ တချို့သောနိုင်ငံတွေရဲ့ သံတမန်ရေးအရ တောင်းဆိုမှုတွေကြောင့် သတင်းထုတ်ပြန်ချက်တွေမှာ ချန်လှပ်ထားခဲ့ရတာတွေ ရှိတယ်လို့လည်း ပြန်လည်ကြားသိရပါတယ်။ သေချာတဲ့တစ်ချက်က အဲဒီနိုင်ငံတွေက ခေါင်းဆောင်တွေဟာ မြန်မာနိုင်ငံရဲ့အခြေအနေအမှန်ကို သိရှိသွားကြတယ် ဆိုတဲ့အချက်ပါပဲ။

**“နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ထိပ်သီးအစည်းအဝေးတွေကို တက်ရောက်လာတဲ့နိုင်ငံတွေက ခေါင်းဆောင်များအားလုံးနဲ့တွေ့ဆုံခဲ့တာကြောင့် နှစ်နိုင်ငံဆက်ဆံရေးကိစ္စရပ်တွေကို ဆွေးနွေးနိုင်တဲ့အပြင် လက်ရှိမြန်မာနိုင်ငံမှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေများအားလုံးကိုလည်း အမှန်အတိုင်း အသိပေးခွင့်ရရှိခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ တချို့သောနိုင်ငံတွေရဲ့ သံတမန်ရေးအရ တောင်းဆိုမှုတွေကြောင့် သတင်းထုတ်ပြန်ချက်တွေမှာ ချန်လှပ်ထားခဲ့ရတာတွေရှိတယ်လို့လည်း ပြန်လည်ကြားသိရပါတယ်။ သေချာတဲ့တစ်ချက်က အဲဒီနိုင်ငံတွေက ခေါင်းဆောင်တွေဟာ မြန်မာနိုင်ငံရဲ့အခြေအနေအမှန်ကို သိရှိသွားကြတယ် ဆိုတဲ့အချက်ပါပဲ”**

မွန်းလွဲပိုင်းမှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီကျန်းနဲ့ တွေ့ဆုံဆွေးနွေးပါတယ်။ ဒီလိုတွေ့ဆုံရာမှာ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေနဲ့ တရုတ်နိုင်ငံနဲ့ ဆက်လက်လက်တွဲဆောင်ရွက်သွားမယ့် ကိစ္စရပ်များကိုသာမက မြန်မာနိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအခြေအနေတွေနဲ့ ပတ်သက်ပြီး ဘယ်လိုမျိုးစီမံဆောင်ရွက်မှုတွေ လုပ်နေတယ်ဆိုတာကိုလည်း ထည့်သွင်းဆွေးနွေးခဲ့ပါသေးတယ်။

အဲဒီဆွေးနွေးမှုမှာတော့ တရုတ်နိုင်ငံဘက်ကနေ အသိအမှတ်ပြုမှုတွေနဲ့ ကတိပြုမှုတွေကို ရရှိခဲ့တာတွေ့ရပါတယ်။ တရုတ်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးတည်ငြိမ်အေးချမ်းရေးကို အပြည့်အဝထောက်ခံအားပေးသွားမယ်လို့ ဆိုပါတယ်။ ဒ့ါအပြင် လက်နက်ကိုင်ပဋိပက္ခတွေနဲ့ ပတ်သက်ပြီး အကြမ်းဖက်တဲ့နည်းလမ်းနဲ့မတုံ့ပြန်ဘဲ ငြိမ်းချမ်းရေးဖိတ်ခေါ်ပြီး ဖြေရှင်းနိုင်ရေးကြိုးပမ်းတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တရုတ်ဝန်ကြီးချုပ်က ချီးကျူးကြောင်း ပြောပါတယ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များအား တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအဖွဲ့ဝင်နှင့် ယူနန်ပြည်နယ်ပါတီ ကော်မတီအတွင်းရေးမှူးက တည်ခင်းဧည့်ခံသည့် ညစာကို အတူတကွသုံးဆောင်ကြစဉ်။

ဒ့ါအပြင် တရုတ်နိုင်ငံဝန်ကြီးချုပ်က မြန်မာနိုင်ငံအနေနဲ့ ချမှတ်အကောင်အထည်ဖော်နေတဲ့ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကိုထောက်ခံကြောင်း၊ မြန်မာနိုင်ငံရဲ့ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကူညီပေးမှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ နယ်မြေပိုင်ဆိုင်မှုတို့ကို ထပ်လောင်းအသိအမှတ်ပြုကြောင်းနဲ့ တရုတ်နိုင်ငံအတွင်းအခြေပြုပြီး မြန်မာနိုင်ငံရဲ့အကျိုးကို ပျက်စီးအောင်ဆောင်ရွက်နေမှုများကို လက်ခံမည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံရဲ့ အရေးကိစ္စက တရုတ်နိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံအရေးပင် ဖြစ်တဲ့အတွက် နိုင်ငံတကာစာမျက်နှာမှာလည်း တရုတ်နိုင်ငံက မြန်မာနိုင်ငံအပေါ် ရပ်တည်ဆောင်ရွက်သွားမယ့် အကြောင်းတို့ကို အလေးပေးပြီး ပြောခဲ့တာတွေ့ရပါတယ်။

ဒီလိုမျိုး နှစ်နိုင်ငံကြား အပြန်အလှန် ကတိပြုမှုတွေသာမက တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ကြား နားလည်မှုစာချွန်လွှာနဲ့သဘောတူစာချုပ် ၇ ခုကိုလည်း လက်မှတ်ရေးထိုး နိုင်ခဲ့ပါသေးတယ်။ အဲဒီလိုသဘောတူညီချက်တွေထဲကမှ သင်တန်းကျောင်းများ အဆင့်မြှင့်တင်ခြင်းစီမံကိန်းများ၊ စိုက်ပျိုးရေးထွက်ကုန်များအတွက် ဓာတုဆိုင်ရာလိုအပ်ချက်များနှင့် အပင်ပိုးမွှား ရောဂါကင်းရှင်းရေးဆိုင်ရာ သဘောတူညီချက်၊ တိကျစွာတိုင်းတာခြင်းနည်းပညာ ပူးပေါင်းဆောင်ရွက်မှုနဲ့ အားကစားမြှင့်တင်ရေးနားလည်မှုသဘောတူညီချက်တွေဟာ မြန်မာနိုင်ငံအတွက် အင်မတန်မှ အကျိုးကျေးဇူးများတဲ့ သဘောတူညီချက်တွေ ဖြစ်တာအမှန်ပါပဲ။

နောက်တစ်နေ့မှာ နိုင်ငံတော်ဝန်ကြီးချုပ်က အဋ္ဌမအကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး၊ (၁၁) ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် ပူးပေါင်းဆောင်ရွက်မှု ထိပ်သီးအစည်းအဝေး၊ (၁၀) ကြိမ်မြောက် ဧရာဝတီ–ချောက်ဖရား–မဲခေါင် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေးတို့ကို တက်ရောက်ပြီး နိုင်ငံများကြား အပြန်အလှန် အကျိုးရှိစေမယ့် အပြုသဘောဆောင်သော ဆွေးနွေးမှုတွေကို ဆွေးနွေးခဲ့ပါတယ်။ ပြီးတဲ့အခါ နိုင်ငံတော်ဝန်ကြီးချုပ်က ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့တွေ့ဆုံပြီး နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်တွေကို ဆွေးနွေးကြပါတယ်။

**လှိုက်လှိုက်လှဲလှဲကြိုဆို**

အဲဒီနေ့ညမှာပဲ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ကူမင်းမြို့ကနေ လေယာဉ်နဲ့ ထွက်ခွာပြီး ချုံချင့်မြို့ကို သွားရောက်ပါတယ်။ ချုံချင့်ကိုရောက်တော့ ညမှောင်နေပါပြီ။ ချုံချင့်မြို့မှာလည်း နိုင်ငံတော်ဝန်ကြီးချုပ်ကို နိုင်ငံတော်အဆင့် ကော်ဇောနီ(Red Carpet)ခင်းပြီး ချုံချင့်မြို့ ဒုတိယမြို့တော်ဝန် ဦးစီးကြိုဆိုရေးအဖွဲ့က လှိုက်လှိုက်လှဲလှဲကြိုဆိုခဲ့ပါတယ်။ တည်းခိုရမယ့်နေရာဟာ ချုံချင့်နိုင်ငံတော် ဧည့်ဂေဟာဖြစ်ပါတယ်။ တရုတ်ဗဟိုအစိုးရခေါင်းဆောင်များ တည်းခိုရာနေရာဖြစ်သလို နိုင်ငံတော် ဧည့်ဂေဟာဝင်းဟာ အဆောက်အအုံတစ်ခုနဲ့တစ်ခု မော်တော်ယာဉ်နဲ့သွားလာမှ အဆင်ပြေလောက်အောင် ကျယ်ဝန်းတာကိုလည်း သတိထားမိပါတယ်။ နိုဝင်ဘာလ ၈ ရက် နံနက်ပိုင်းမှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်က ချုံချင့်မြို့မှာရှိတဲ့ ကောင်စစ်ဝန်ချုပ်ရုံးဝန်ထမ်းမိသားစုတွေကိုသွားရောက်တွေ့ဆုံပါတယ်။ ပြီးတဲ့အခါ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့အဖွဲ့ဝင်တွေက ချုံချင့်မြို့ရှိ စက်ရုံအလုပ်ရုံတွေကိုသွားရောက်လေ့လာကာ သိရှိလိုသည်များကို မေးမြန်းပါတယ်။ ဒ့ါအပြင် နိုင်ငံတော်ဝန်ကြီးချုပ်က ချုံချင့်မြို့စီမံကိန်းရေးဆွဲရေး ပြတိုက်ကို သွားရောက်လေ့လာပါတယ်။ ညပိုင်းမှာတော့ ယန်စီမြစ်အတွင်း သင်္ဘောစီးပြီး လေ့လာမှုတွေလုပ်ခဲ့တဲ့အပြင် သင်္ဘောပေါ်မှာ လိုက်ပါလာတဲ့ ချုံချင့်မြို့မှ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့တွေ့ဆုံကာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်သွားဖို့နဲ့ လာရောက်ရင်းနှီးမြှုပ်နှံရေးအတွက် ဖိတ်ခေါ်မှုတို့ကိုလုပ်ဆောင်ပါတယ်။

စာမျက်နှာ ၈ သို့ ✤

# ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၀**

၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပ ရတနာ ကုန်သည်များဖြင့် စည်ကားလျက်ရှိသည်။

နံနက်ပိုင်းမှစတင်၍ ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များသည် မဏိရတနာ ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပုလဲအတွဲများ၊ ကျောက်စိမ်း၊ ကျောက်မျက်အတွဲများနှင့် ခန်းမအပြင်ဘက် သတ်မှတ်နေရာများအလိုက် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက် လေ့လာကြည့်ရှုကြသည်။

ထို့နောက် ယနေ့ပြပွဲတွင် ရောင်းချမည့် ပုလဲအတွဲအမှတ် (၁၄၁)မှ အတွဲအမှတ် (၂၈၀) အထိ ပုလဲအတွဲများကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြပြီး ဈေးနှုန်း တင်သွင်းလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယင်းနောက် ပုလဲအတွဲအမှတ် (၁၄၁)မှ အတွဲအမှတ်(၂၈၀)အထိ တင်သွင်းထားသော ဈေးနှုန်း တင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း ၁၀၀ ရောင်းချရကြောင်း ကြေညာသည်။

ယနေ့ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ ပုလဲအတွဲများ တင်ဒါဖွင့်ဖောက်စစ်ဆေးမှုနှင့် တင်ဒါအောင်သည့် ပုလဲအရောင်းစာရင်းများ ထုတ်ပြန်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ပြပွဲစတုတ္ထနေ့တွင် ကျောက်မျက်အတွဲပေါင်း ၁၆၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည် ဖြစ်ပြီး အဆိုပါ ကျောက်မျက်အတွဲများအတွက် အခြေခံဈေးကို အမေရိကန်ဒေါ်လာဖြင့် သတ်မှတ်ထားကာ ဝယ်ယူခွင့်ရရှိသည့် ပြည်ပ ရတနာကုန်သည်များ အနေဖြင့် အမေရိကန်ဒေါ်လာ၊ ယူရိုငွေ၊ ယွမ်ငွေ၊ ထိုင်းဘတ်ငွေနှင့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစားဖြင့်လည်းကောင်း၊ ပြည်တွင်း ရတနာကုန်သည်များ အနေဖြင့် နိုင်ငံခြားငွေ သို့မဟုတ် ကျပ်ငွေဖြင့်လည်းကောင်း ပေးချေဝယ်ယူနိုင်မည်ဖြစ်သည်။

အလားတူ အုပ်စု (အေ၊ ဘီ၊ စီ) အဖြစ် သုံးအုပ်စုခွဲခြားထားသည့် ကျောက်စိမ်းအတွဲပေါင်း ၄၈၀၀ အနက် အုပ်စု(အေ)နှင့် အုပ်စု(ဘီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၂ ရက်မှ ၂၄ ရက်အထိလည်းကောင်း၊ အုပ်စု(စီ)မှ ကျောက်စိမ်းအတွဲများကို နိုဝင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိလည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့ပြင် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အရောင်းဆိုင်များကိုလည်း ဖွင့်လှစ်ထားရှိရာ လာရောက်လေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြန်မာ့ကျောက်မျက်ရတနာကဏ္ဍနှင့် မြန်မာ့ပုလဲရတနာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်စေသည့် မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၈ ရက်မှ ၂၇ ရက်အထိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပပေးလျက်ရှိကြောင်း သိရသည်။

**သတင်း - အေးအေးသန့်**
**ဓာတ်ပုံ - ဖိုးပြည့်စုံ**

---

❖ စာမျက်နှာ ၇ မှ

ညပိုင်းမရောက်ခင် ညနေပိုင်းတုန်းက နိုင်ငံတော်ဝန်ကြီးချုပ်ဟာ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ ပေါလစ်ဗျူရိုအဖွဲ့ဝင် ချုံချင့်မြို့မြူနီစီပယ်ပါတီကော်မတီအတွင်းရေးမှူး မစ္စတာယွမ်ကျားကျွန်နဲ့ တွေ့ဆုံပြီး သိပ္ပံနဲ့နည်းပညာဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ၊ ယဉ်ကျေးမှုဖလှယ်မှုများ၊ ပညာရေးကဏ္ဍနဲ့ ခရီးသွားကဏ္ဍမြှင့်တင်ဆောင်ရွက်နိုင်မယ့်အခြေအနေများနဲ့ ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပါတယ်။

သာမန်အားဖြင့်ဆိုရင်တော့ ဧည့်သည်တော်တွေကို လက်ခံတွေ့ဆုံရာမှာ ဧည့်ခန်းမဆောင်ဆီ ရောက်မှသာ လက်ဆွဲနှုတ်ဆက်ပြီး တွေ့ဆုံကြတာပါ။ ဒီနေရာမှာ သာမန်သံတမန်ဆက်ဆံရေး အခြေအနေကိုကျော်လွန်ကာ ချစ်ကြည်ရင်းနှီးကျွမ်းဝင်မှုကို ဖော်ပြတဲ့အနေနဲ့ မစ္စတာယွမ်ကျားကျွန်က နိုင်ငံတော်ဝန်ကြီးချုပ်ကို ဧည့်ခန်းမဆောင်ရဲ့ ကားရပ်နားရာ ဆင်ဝင်အထိကို ဆင်းလာပြီး လာရောက်ကြိုဆိုနှုတ်ဆက်တာဖြစ်ပါတယ်။ ဒီအခြေအနေကတော့ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့ကြားက ရင်းနှီးနွေးထွေးတဲ့ဆက်ဆံရေးကို ဖော်ပြနေတာအမှန်ပါပဲ။ ဒီနေရာမှာ ကျွန်တော်တို့ ထပ်မံသိခွင့်ရခဲ့တာကတော့ ချုံချင့်မြို့ဟာ တရုတ်နိုင်ငံက ရည်မှန်းချက်ကြီးကြီးထားပြီး စီမံကိန်းများ တည်ဆောက်နေတဲ့ ကုန်းတွင်းပိုင်းလမ်းဆုံအချက်အချာမြို့ပဲဖြစ်ပါတယ်။ တရုတ်ဗဟိုအစိုးရက တိုက်ရိုက်အုပ်ချုပ်နေတဲ့မြို့လည်းဖြစ်ပါတယ်။ ချုံချင့်မြို့ကို တာဝန်ယူရတဲ့ ပါတီကော်မတီ အတွင်းရေးမှူးဟာလည်း ဗဟိုကိုတိုက်ရိုက်တာဝန်ခံနေရသူလည်း ဖြစ်ပါတယ်။ အနာဂတ် တရုတ်နိုင်ငံရဲ့ ဦးဆောင်သူ ခေါင်းဆောင်တွေထဲမှာ ပါဝင်လာနိုင်ဖို့ အလွန်အလားအလာကောင်းသူတစ်ယောက် ဖြစ်တယ်လို့လည်း သိခဲ့ရပါတယ်။ မြန်မာခေါင်းဆောင်တစ်ယောက်အနေနဲ့ အဲဒီလိုသွားရောက်လည်ပတ်တာ၊ အချိန်ယူပြီးဆွေးနွေးထားတာတွေဟာ တရုတ်-မြန်မာ ဆက်ဆံရေးမှာ ပစ္စုပ္ပန်မှာသာမက အနာဂတ်မှာပါ ရေရှည်ကောင်းကျိုးတွေ ဖော်ဆောင်ပေးနိုင်မယ်လို့ ယုံကြည်မိပါတယ်။

နိုဝင်ဘာလ ၉ ရက် နံနက်ပိုင်းမှာ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ချုံချင့်မြို့ကနေ ရှန်းကျန့်မြို့ကို ရောက်ရှိခဲ့ပါတယ်။ ရှန်းကျန့်မှာလည်း ရှန်းကျန့်မြို့ ဒုတိယမြို့တော်ဝန် ဦးစီးကြိုဆိုရေးအဖွဲ့တွေက နိုင်ငံတော်အဆင့် ကော်ဇောနီ (Red Carpet)ခင်းပြီး ခမ်းခမ်းနားနား ကြိုဆိုခဲ့ပါတယ်။ ရောက်ရှိပြီး မကြာမီမှာပဲ စက်ရုံ၊ အလုပ်ရုံတွေကို သွားရောက်လေ့လာခဲ့ပါတယ်။ အဲဒီနေ့ တစ်နေကုန် အောင်ပဲ နိုင်ငံတော်ဝန်ကြီးချုပ်ဟာ ရှန်းကျန့်မြို့မှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံများစွာဆီကို သွားရောက်လေ့လာခဲ့တာပါ။ နောက်တစ်နေ့မနက်ပိုင်း မြန်မာနိုင်ငံကို ပြန်ခါနီးအချိန်အထိ နောက်ထပ်စက်ရုံတစ်ခုဆီကို သွားရောက်လေ့လာခဲ့ပါတယ်။ EV ကားများ၊ ရထားများ ထုတ်လုပ်နေတဲ့စက်ရုံကို သွားလေ့လာခဲ့တာပါ။

နိုဝင်ဘာလ ၁၀ ရက် မွန်းလွဲပိုင်းမှာတော့ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က ရှန်းကျန့်မြို့ကနေထွက်ခွာလာပြီး မြန်မာနိုင်ငံကို ပြန်လည်ရောက်ရှိလာပါတယ်။ လေယာဉ်က နေပြည်တော်လေဆိပ် လေယာဉ်ပြေးလမ်းမှာပဲ ရှိနေတုန်း လေယာဉ်ဆိုက်ကပ်မယ့် နေရာကို လှမ်းကြည့်လိုက်တော့ ရောင်စုံလူအုပ်ကြီး က မနည်းမနော။ လေယာဉ်ဆိုက်ပြီး လေယာဉ်ပေါ်က ဆင်းလိုက်တော့မှ အောင်မြင်ခဲ့တဲ့ တရုတ်နိုင်ငံခရီးစဉ်နဲ့ လိုက်လျောညီထွေစွာ တရုတ်နဂါးအကအဖွဲ့၊ ခြင်္သေ့အကအဖွဲ့တွေ၊ တိုင်းရင်းသားရိုးရာအကတွေနဲ့ အဖွဲ့အစည်းပေါင်းစုံ၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံက လှိုက်လှိုက်လှဲလှဲ ကြိုဆိုနေတာကို ကြက်သီးထဖွယ်တွေ့ရပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ဦးဆောင်တဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့က အခုခရီးစဉ်မှာ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေး ဆောင်ရွက်နိုင်ခဲ့တဲ့အဖွဲ့ဖြစ်ရုံသာမက နောင်လာနောက်သားများအနေနဲ့ ဂုဏ်ယူနေရမယ့် နိုင်ငံ့အကြီးအကဲကောင်း တစ်ယောက်ရဲ့ လုပ်ဆောင်မှုတွေကို ဖော်ညွှန်းပြသနိုင်ခဲ့တဲ့ ခရီးစဉ်တစ်ခုလို့ပြောရင်လည်း မမှားပါဘူး။

ဒီခရီးစဉ် တစ်လျှောက်လုံးမှာ ဆွေးနွေးညှိနှိုင်းမှုတွေကနေ မြန်မာနိုင်ငံအတွက် ရရှိခဲ့တဲ့ အကျိုးကျေးဇူးတွေကို ဆက်လက်တင်ပြပါမယ်။ အရင်ဆုံး နိုင်ငံရေးအခြေအနေပေါ့။ မြန်မာနိုင်ငံဟာ အားလုံးသိတဲ့အတိုင်း အနောက်အုပ်စုများ၊ ပြည်တွင်းမှသစ္စာဖောက်များကြောင့် ကမ္ဘာ့နိုင်ငံအချို့ရဲ့ အမြင်မှားအထင်မှားခံနေရတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိနေခဲ့ရပါတယ်။ ဒါပေမဲ့ တရုတ်နိုင်ငံခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့မှုတွေကြောင့် မြန်မာနိုင်ငံဟာ ကမ္ဘာ့စင်မြင့်မှာ ပွဲလယ်တင့်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ်ကို ပြန်လည်ရောက်ရှိလာတာကို တွေ့မြင်နေရပြီဖြစ်ပါတယ်။ ခရီးစဉ်အတွင်း အိမ်ရှင် တရုတ်နိုင်ငံရဲ့ နိုင်ငံတော်အဆင့်ကြိုဆိုမှု၊ အလေးထားမှု၊ ရောက်ရာနေရာတိုင်းမှာ စနစ်တကျစီစဉ်ထားမှု၊ တည်းခိုရာနေရာ၊ စီးနင်းတဲ့ နိုင်ငံတော်အဆင့်ကျည်ကာယာဉ်များ၊ လုံခြုံရေးနဲ့ စားရေးသောက်ရေး၊ ဧည့်ခံမှုကအစ အသေးစိတ်အလေးထားပြီး ဆောင်ရွက်ခဲ့မှုတွေဟာ မမေ့နိုင်စရာတွေပဲဖြစ်ပါတယ်။ နှစ်နိုင်ငံဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု၊ အေးအတူပူအမျှ အသိုက်အဝန်းကို ဂုဏ်ပြုဖော်ဆောင်နိုင်ရုံသာမက မြန်မာ့ခေါင်းဆောင်အပေါ် တရုတ်နိုင်ငံရဲ့ တန်ဖိုးထားလေးစားမှု၊ မြန်မာပြည်သူတွေအပေါ် တရုတ်ပြည်သူတွေရဲ့ ချစ်ကြည်လေးစားမှုတွေကိုပါ ပြသနိုင်ခဲ့တဲ့ခရီးစဉ်တစ်ခုလို့ပဲ ဆိုပါရစေ။

ဒါ့အပြင် ခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ဝင်တွေရဲ့ ကြိုးပမ်းဆောင်ရွက်မှုတွေကြောင့် မြန်မာ့ပြည်တွင်းရေးမှာ တည်ငြိမ်မှုတွေရှိလာနိုင်တဲ့အပြင် မကြာခင် ကျင်းပဖို့ရည်ရွယ်ထားတဲ့ ရွေးကောက်ပွဲကိုလည်း အောင်မြင်စွာ ကျင်းပသွားနိုင်တော့မှာဖြစ်ပါတယ်။ အဲဒီရွေးကောက်ပွဲကလည်း လွတ်လပ်ပြီးမျှတတဲ့ ရွေးကောက်ပွဲဖြစ်လာစေမှာ အမှန်ပဲဖြစ်တယ်လို့ အခိုင်အမာဆိုချင်ပါတယ်။

နောက်တစ်ချက်က စီးပွားရေးအမြင်နဲ့ ရရှိလာမယ့် အကျိုးစီးပွားတွေအကြောင်းကို ပြောချင်ပါသေးတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်နိုင်ငံခရီးစဉ်မှာ စီးပွားရေးလုပ်ငန်းရှင် အများအပြားနဲ့တွေ့ဆုံပြီး မြန်မာနိုင်ငံအတွင်းမှာ ရင်းနှီးမြှုပ်နှံမှုတွေ လာရောက်လုပ်ကိုင်ဖို့ကို တိုက်တွန်းခဲ့တာတွေ့ရပါတယ်။ အဲဒီတိုက်တွန်းချက်ရဲ့နောက်မှာ မြန်မာနိုင်ငံဘက်က ဖြည့်ဆည်းပေးရမယ့်အရာတွေကိုလည်း အောင်မြင်အောင် ဆောင်ရွက်ပေးသွားမယ်လို့ ဆိုပါတယ်။

ဒါဆိုရင် မြန်မာနိုင်ငံအတွင်းကို ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ပိုမိုဝင်ရောက်လာဖို့ဆိုတာ သေချာသွားပါပြီ။ နိုင်ငံတစ်နိုင်ငံရဲ့စီးပွားရေးမောင်းနှင်အားဟာ ရင်းနှီးမြှုပ်နှံမှုအပေါ် တစ်စိတ်တစ်ပိုင်းမှီတည်နေပါတယ်။ ဒါကြောင့် ရင်းနှီးမြှုပ်နှံမှုအားကောင်းလာတာနဲ့အမျှ နိုင်ငံရဲ့စီးပွားရေးကလည်း တိုးတက်လာမှာပါ။ စီးပွားရေးတိုးတက်လာတာနဲ့တစ်ပြိုင်နက် ရေမြင့်ရင် ကြာတင့်တယ်ဆိုတဲ့စကားအတိုင်း မြန်မာပြည်သူတွေရဲ့ လူမှုစီးပွားဘဝဟာလည်း လိုက်ပါဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

နောက်ထပ်ပြောချင်တဲ့အချက်တစ်ချက်က ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းသူတွေနဲ့ ပတ်သက်နေပါတယ်။ ပြည်တွင်းလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူတွေဟာ နှစ်နိုင်ငံကြားက နယ်စပ်စည်းမျဉ်းကိုခွထိုင်ပြီး မြန်မာနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ပြည်သူလူထုရဲ့အကျိုးစီးပွားထိခိုက်အောင်လုပ်ဆောင်မှုတွေကို ဆောင်ရွက်နေတဲ့သူတွေဖြစ်ပါတယ်။ တကယ်လို့များ သူတို့အနေနဲ့ နယ်စပ်ဒေသကို အခြေမခံနိုင်တော့ဘူးဆိုရင် အကြမ်းဖက်တိုက်ခိုက်မှုတွေကိုလည်း လုပ်နိုင်တော့မှာမဟုတ်ပါဘူး။

ဒီလိုမျိုး အကြမ်းဖက်သောင်းကျန်းသူတွေ အမြစ်ပြတ်ချုပ်ငြိမ်းတော့မယ့်အချိန်က သိပ်မကြာခင်မှာ ရောက်ရှိလာပါလိမ့်မယ်။ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ တရုတ်နိုင်ငံခရီးစဉ်အတွင်း ဆွေးနွေးမှုတွေကိုကြည့်ရင် မြန်မာနိုင်ငံရဲ့ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်တာတွေကို လုပ်ဆောင်ပေးသွားမယ်လို့ တရုတ်အစိုးရက ကတိပြုထားတယ်မဟုတ်ပါလား။ ဒါ့အပြင် ထိုင်းနိုင်ငံဝန်ကြီးချုပ်နဲ့ တွေ့ဆုံဆွေးနွေးမှုမှာလည်း နှစ်နိုင်ငံနယ်စပ်ဒေသလုံခြုံရေးအကြောင်းက အဓိကအကြောင်းအရာအဖြစ် ပါဝင်ခဲ့တာတွေ့ရပါတယ်။ ဒါတွေကို ပြန်ထောက်ချင့်ရင် နယ်စပ်ဒေသတွေမှာ တရားဥပဒေစိုးမိုးမှုတွေ ပိုမိုရရှိလာမှာဖြစ်တာကြောင့် အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ဘဝ နိဂုံးချုပ်တော့မယ်လို့ ပြောရခြင်းဖြစ်ပါတယ်။

အခုလိုမျိုး ဆွေးနွေးမှုတွေ၊ သဘောတူညီချက်တွေရရှိဖို့ဆိုတာ တော်ရုံအားဖြင့် မလွယ်ကူလှပါဘူး။ နိုင်ငံတော်အကြီးအကဲတစ်ယောက်အနေနဲ့ အချိန်များစွာကို နိုင်ငံတော်အတွက် ပေးဆပ်ထားခြင်း၊ သက်ဆိုင်ရာတာဝန်ရှိသူတွေရဲ့ တာဝန်ကျေပွန်အောင်ဆောင်ရွက်ခြင်းတို့ကြောင့်သာ အခုလိုမျိုးသဘောတူညီချက်တွေရရှိလာနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ရဲ့ တရုတ်နိုင်ငံသို့ နိုင်ငံတော်အဆင့်ခရီးစဉ်ဟာ ကိုယ်ကျိုးကို ငဲ့ကွက်ခြင်းမရှိဘဲ တိုင်းပြည်ကောင်းကျိုးကိုသာ ရှေးရှုရွက်သယ်ပိုးခြင်းကြောင့် ကောင်းကျိုးရလဒ်တွေလည်း မျက်ဝါးထင်ထင် ထွက်ပေါ်လာတဲ့အတွက် တကယ့်ကိုပဲ အကျိုးရှိတဲ့ ခရီးစဉ်ကောင်းတစ်ခု ဧကန်မုချဖြစ်ပေါ်လာကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

# မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ကြည့်ရှု

နေပြည်တော် နိုဝင်ဘာ ၂၀

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံတို့သည် နိုဝင်ဘာ ၂၀ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ကြည့်ရှုခဲ့သည်။

ဦးစွာ သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုတွေ့ဆုံ၍ မြန်မာနိုင်ငံတွင် အောင်မြင်မှုရရှိနေသည့် သီလဝါအထူးစီးပွားရေးဇုန်ကို ဇုန်စီမံခန့်ခွဲမှုကော်မတီအနေဖြင့် စနစ်တကျထိန်းသိမ်းဆောင်ရွက်ထားသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်တွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဝန်ဆောင်မှုပေးရေး၊ ဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုအသစ်များ ဆက်လက်ဖိတ်ခေါ်၍ ရင်းနှီးမြှုပ်နှံနိုင်ရေးဆောင်ရွက်ရေး၊ OSSC ၏ ဝန်ဆောင်မှုအရည်အသွေးများ ပိုမိုကောင်းမွန်စေရေးနှင့် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ပေးရေး၊ ဇုန်အတွင်းလုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်နှင့် ဇုန်အတွင်းရှိလုပ်ငန်းများ၏ လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်နိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် သီလဝါအထူးစီးပွားရေးဇုန်ရှိ Promotion Zone (လုပ်ငန်းမြှင့်တင်ရေးဇုန်)မှ Kubota Myanmar Co., Ltd နှင့် Free Zone (ကင်းလွတ်ဇုန်)မှ Lightion (Myanmar) Co., Ltdနှင့် Promotion Zone(လုပ်ငန်းမြှင့်တင်ရေးဇုန်)မှ Zifam Pyrex Myanmar Co., Ltd တို့၏ စက်ရုံများသို့ လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဇုန်အတွင်းစက်ရုံများ စဉ်ဆက်မပြတ်လည်ပတ်စေရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စများ၊ စက်ရုံများ ထုတ်လုပ်မှုလျာထားချက် ပြည့်မီရေးအတွက် စွမ်းအားပြည့်ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရေး၊ ကုန်ချောများ လျင်မြန်စွာထုတ်လုပ်၍ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် ပြည်ပမှတင်သွင်းနေသည့် ကုန်ကြမ်းများ ပြတ်လပ်မှုမရှိစေရေး ဆောင်ရွက်နိုင်ရေးတို့နှင့် စက်ရုံများမှ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။



သီလဝါအထူးစီးပွားရေးဇုန်တွင် ခွင့်ပြုထားသည့် လုပ်ငန်းပေါင်း ၁၂၅ ခုရှိပြီး လက်ရှိတွင် စက်ရုံ ၁၁၄ ရုံ လည်ပတ်လျက်ရှိကာ ကင်းလွတ်ဇုန်တွင် စက်ရုံ ၃၅ ရုံနှင့် လုပ်ငန်းမြှင့်တင်ရေးဇုန်တွင် စက်ရုံ ၉၄ ရုံဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းနှင့် နိုင်ငံတကာသို့တင်ပို့မည့် မော်တော်ယာဉ်များ၊ ကုန်ပစ္စည်းတင်ကွန်တိန်နာများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုဆိုင်ရာ စစ်ဆေးဆောင်ရွက်သည့်လုပ်ငန်းများ ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၂၀

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအစိုးရ၏ ဖိတ်ကြားချက်အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အဖွဲ့သည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံးပြည်နယ် ကွမ်ကျိုးမြို့ ဘိုင်ရန် (Bai Yun) အပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာကြရာ တရုတ်နိုင်ငံ ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညပိုင်းတွင် ရောက်ရှိကြသည်။



နိုဝင်ဘာ ၁၉ ရက်နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှန်ဟိုင်းမြို့ ရှန်ဟိုင်းအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း (Shanghai International Terminal) သို့ သွားရောက်လေ့လာကြရာ SIPG HAITONG LOGISTICS ကုမ္ပဏီရုံးခန်း၌ တာဝန်ရှိသူတစ်ဦးက ရှန်ဟိုင်းဆိပ်ကမ်း၌ နိုင်ငံတကာသို့ တင်ပို့မည့်မော်တော်ယာဉ်များ ထိန်းသိမ်းထားရှိမှု၊ မကြာသေးမီကာလက ဆောင်ရွက်ခဲ့သည့် ပြည်ပသို့တင်ပို့မည့် မော်တော်ယာဉ်များအား ဂိုဒေါင်အတွင်း အလွှာလိုက် ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ လက်ရှိအခြေအနေတွင် လုပ်ငန်းခွင်ဝင်းအတွင်း ယာဉ်များ စနစ်တကျစီရီထားရှိမှုနှင့် လုပ်ငန်းစဉ်အဆင့်အလိုက် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှန်ဟိုင်းဆိပ်ကမ်း၌ အရှေ့တောင်အာရှနိုင်ငံများအပါအဝင် နိုင်ငံတကာသို့တင်ပို့မည့် မော်တော်ယာဉ်များကို နိုင်ငံတကာပင်လယ်ကူးသင်္ဘောပေါ်သို့ တင်ဆောင်နေမှုလုပ်ငန်းစဉ်ကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှန်ဟိုင်းဆိပ်ကမ်း၌ ပြည်ပနိုင်ငံများသို့ တင်ပို့မည့် ကုန်ပစ္စည်းတင်ကွန်တိန်နာများ သယ်ယူ၍ ပင်လယ်ကူးသင်္ဘောများပေါ်သို့ စိစစ်တင်ဆောင်နေမှုကို ကြည့်ရှုလေ့လာကြပြီး ပြည်ဝင်/ပြည်ထွက်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာများနှင့် ပင်လယ်ရေကြောင်းကုန်သွယ်မှုဆိုင်ရာလုပ်ငန်းများကို ဆက်စပ်ဌာနများပေါင်းစပ် ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များကို အပြန်အလှန်မေးမြန်းဆွေးနွေးကြသည်။

ဆက်လက်၍ ဗဟိုထိန်းချုပ်ရေးစင်တာ (Terminal Control Center) သို့ သွားရောက်၍ ရှန်ဟိုင်းဆိပ်ကမ်းသို့ Terminal အသီးသီးမှ ဝင်ထွက်ဆိုက်ကပ်ကာ ကုန်ပစ္စည်းများ သယ်ယူတင်ချဆောင်ရွက်နေမှုအခြေအနေများကို နည်းပညာဖြင့် စောင့်ကြည့်ထိန်းချုပ်ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လိုက်လံရှင်းလင်းပြသကြပြီး ပြည်ထောင်စုဝန်ကြီး၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ကို ရှန်ဟိုင်း ပြည်ဝင်/ပြည်ထွက် နယ်စပ်စစ်ဆေးရေးဌာန (Shanghai Entry–Exit Frontier Inspection Station) မှ Chief Station Director Mr.Gong Yao က ရှန်ဟိုင်းပြည်ဝင်/ပြည်ထွက်နယ်စပ်စစ်ဆေးရေးဌာန ဧည့်ခန်းမ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါ်ဆန်းနှင့် ပေါ်ဆန်းအုပ်စုဝင် စပါးမျိုးများ စုဆောင်းခြင်းဆိုင်ရာနည်းပညာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၂၀

စိုက်ပျိုးရေး ဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော ပေါ်ဆန်းနှင့် ပေါ်ဆန်းအုပ်စုဝင် စပါးမျိုးများ စုဆောင်းခြင်းဆိုင်ရာ နည်းပညာသင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အလုပ်ရုံ ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက မိမိတို့နိုင်ငံသည် စပါးသီးနှံ၏ မူရင်းဒေသဖြစ်သည့်နှင့်အညီ မျိုးဗီဇရင်းမြစ်များ လွန်စွာကြွယ်ဝကြောင်း၊ အနံ့ အရသာကောင်းမွန်၍ စားသုံးသူနှစ်သက်သည့် ပေါ်ဆန်းအုပ်စုအပါအဝင် အရည်အသွေးကောင်း စပါးမျိုးများနှင့် အဓိကရိက္ခာဆန်စပါးဖူလုံပိုလျှံရေးအတွက် အထွက်နှုန်းကောင်း စပါးမျိုးများ စုဆောင်းထိန်းသိမ်းခြင်းနှင့် သုတေသနဖွံ့ဖြိုးရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အလားတူ မျိုးစေ့ကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းတွင် ဌာနနှင့်တောင်သူ ပူးပေါင်းဆောင်ရွက်ရေး နည်းပညာပြန့်ပွားရေးကို တိုးချဲ့ဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးမှာကြားသည်။

သဘာဝ ဘေးအန္တရာယ်များအပါအဝင် အခြေအနေအမျိုးမျိုးကြောင့် သီးနှံဗီဇအရင်းအမြစ်များ ဆုံးရှုံးပျောက်ကွယ်မှုများမှ ကာကွယ်ရန်နှင့် ပိုးမွှားဒဏ်၊ ရောဂါဒဏ်၊ ရေငတ်ဒဏ်၊ ရေဝပ်ဒဏ် ခံနိုင်ရည်ရှိသော ဗီဇလက္ခဏာကောင်းများ ကိန်းအောင်းသယ်ဆောင်ထားသည့် ဒေသအပင်မျိုးရင်းများ မပျောက်ပျက်အောင် ထိန်းသိမ်းရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ သုတေသီများ၊ ပညာရှင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီး၌ ယခုနှစ် မိုးစပါးရာသီတွင် ပေါ်ဆန်းရင်ဧက ၂၄၀၀၀ ကျော်၊ မီးဒုံး ဧက ၁၇၀၀၀၀ ကျော်၊ ဆန်မွှေး ၅၀၆ ဧကနှင့် အထူးအထွက်တိုးမျိုး၊ အထွက်ကောင်းမျိုး၊ အဆင့်မြင့်မျိုးများအပါအဝင် မိုးစပါး ၁၁၄၄၇၃၂ ဧက စိုက်ပျိုးခဲ့ပြီး နွေစပါးစိုက်ဧက ၂၅၀၈၉၆ ဧက လျာထား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် ကျောင်းသား ကျောင်းသူများ တည်းခိုနေထိုင်မည့်အဆောင်များ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၀**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့်တည်းခိုရေးစခန်းသို့သွားရောက်ပြီး ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်ရန် ရောက်ရှိလာကြသည့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း)နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း) တို့မှ ကျောင်းသား ကျောင်းသူများနှင့် အုပ်ချုပ်သူများကို တွေ့ဆုံ၍ တည်းခိုနေထိုင်နိုင်ရန် နေရာချထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဖျော်ဖြေရေးအဖွဲ့များ တည်းခိုနေထိုင်မည့် အဆောင်များတွင် အိပ်ရာခင်းကျင်းထားမှုအခြေအနေများ၊ ကြီးကြပ်သူများကို နေရာချထားမည့် အခန်းများ၊ စားရိပ်သာများနှင့် သန့်စင်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တည်းခိုနေထိုင်မည့်သူများအတွက် သောက်ရေနှင့်သုံးရေများကို အလုံအလောက်ထားရှိရန်နှင့် သန့်ရှင်းမှုနှင့် ကျန်းမာရေးနှင့်ညီညွတ်မှုရှိအောင် ဆောင်ရွက်ထားရှိရန်၊ ရေ၊ မီး၊ မိလ္လာစနစ်ကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာအဖွဲ့အလိုက် ကြပ်မတ်ဆောင်ရွက်ရန်၊ စားရိပ်သာများကို သန့်ရှင်းသပ်ရပ်မှုရှိအောင် ပြင်ဆင်ခင်းကျင်းထားရှိနိုင်ရေးအတွက် ကြပ်မတ်ဆောင်ရွက်ရန်၊ အစားအစာများ ချက်ပြုတ်ခြင်းနှင့် ကျွေးမွေးဧည့်ခံခြင်းတို့တွင် သန့်ရှင်းမှုရှိစေရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရေး ဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ အမျိုးသားအားကစားပွဲတော်တွင် ပြိုင်ပွဲဝင်မည့် အားကစားသမားများ တည်းခိုနေထိုင်နိုင်ရန် တိုင်းဒေသကြီး/ပြည်နယ်အလိုက် နေရာချထားမည့် အဆောင်များ၊ အိပ်ရာသုံးပစ္စည်းများ ထိန်းသိမ်းထားမှုအခြေအနေများနှင့် ဆပ်ကော်မတီရုံးခန်းဖွင့်လှစ်မည့်အခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားသမား ၁၂၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၂၀**

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် အားကစားသမား ၁၂၀၀၀ ခန့် ပါဝင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**အောင်အောင်မြင်မြင် ကျင်းပသွားနိုင်မယ်လို့ယုံကြည်**

“ဝန်ကြီးဌာနအဆင့်မှာ စုစုပေါင်း အားကစားသမား ၅၂၀၀ ကျော်၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးအဆင့်မှာ အားကစားသမား ၆၆၀၀ ကျော်နဲ့ မသန်စွမ်းအားကစားသမား ၁၄၀ ကျော် ဝင်ရောက် ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဒီလိုကျင်းပရာမှာ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၉ ရက်နဲ့ ပိတ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက်မှာ ကျင်းပသွားမှာဖြစ်ပါတယ်။ ပြိုင်ပွဲတွေကို ဒီဇင်ဘာ ၂ ရက်က စပြီးတော့ နေပြည်တော်မှာရှိတဲ့ အားကစားကွင်းတွေ၊ အားကစားရုံတွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ပြိုင်ပွဲအောင်မြင်စွာကျင်းပဖို့အတွက်ကျွန်တော်တို့အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနဲ့ ဆက်စပ်တဲ့ ဝန်ကြီးဌာနတွေအားလုံးက ပံ့ပိုးကူညီမှုလုပ်ဆောင်ပေးကြတဲ့အတွက် နိုင်ငံတော်အကြီးအကဲ လမ်းညွှန်မှုနဲ့အညီ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌရဲ့ လမ်းညွှန်မှုနဲ့အညီ အောင်အောင်မြင်မြင် ကျင်းပသွားနိုင်မယ်လို့ ယုံကြည်ပါတယ်” ဟု ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ အတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးထွန်းမြင့်ဦးက ပြောကြားသည်။



ဦးထွန်းမြင့်ဦး
ညွှန်ကြားရေးမှူးချုပ်



ဦးမင်းမင်းထွန်း
ညွှန်ကြားရေးမှူး

အမျိုးသား အားကစားပွဲတော်တွင် ဝန်ကြီးဌာနအဆင့် အားကစားနည်းခြောက်နည်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် အားကစားနည်း၂၃နည်း၊ မသန်စွမ်းအားကစားသမားများအတွက် အားကစားနည်းလေးနည်း ပါဝင်မည်ဖြစ်ကြောင်း အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

“ပြိုင်ပွဲတွေအတွက် အားလုံးက ကြိုးစားနေကြတယ်။ ဝန်ကြီးဌာနအသင်းတွေ၊ ပြည်နယ်နဲ့ တိုင်းဒေသကြီးပြိုင်ပွဲဝင် အသင်းတွေက သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးတွေ၊ သက်ဆိုင်ရာ ပြည်နယ်နဲ့ တိုင်းဒေသကြီး ဝန်ကြီးချုပ်တွေရဲ့ လမ်းညွှန်မှုနဲ့အညီ အပြင်းအထန် ကြိုးစားလေ့ကျင့်လျက် ရှိတဲ့အတွက် ဒီအားကစားပွဲတော်ကြီးကနေ အနာဂတ် အားကစားလောကအတွက် အလားအလာရှိတဲ့ မျိုးဆက်သစ် အားကစားသမားတွေ မွေးထုတ်ပြီးတော့ လာမယ့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှာ ထိုင်းနိုင်ငံမှာ ကျင်းပမယ့် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲမှာ အောင်မြင်မှုရအောင် စွမ်းဆောင်ပေးမယ်လို့ မျှော်လင့်ပါတယ်” ဟု ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးက ဆက်လက်ပြောသည်။

မကြာမီ ကျင်းပတော့မည့် အမျိုးသား အားကစားပွဲတော် အတွင်း အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းအပြင် ရွှေကြာပင်၊ လယ်ဝေးနှင့် ပေါင်းလောင်းတို့ရှိ အားကစားကွင်းများ၌လည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ပေါင်းစပ်ဆောင်ရွက်**

“ဖွင့်ပွဲ အခမ်းအနားမှာ လာရောက်ကြည့်ရှုမယ့် နိုင်ငံတော်အဆင့် အရေးကြီးပုဂ္ဂိုလ်တွေ ကြည့်ရှုမယ့်နေရာဖြစ်တဲ့ VVIP စတိတ်စင် တည်ဆောက်ခြင်းလုပ်ငန်းက ၁၀၀ ရာခိုင်နှုန်း၊ ဖွင့်ပွဲအခမ်းအနားမှာ ထွန်းညှိမယ့် မီးရှူးတိုင် ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းကလည်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပါတယ်။ အားကစားသမားပေါင်း ၆၀၀၀ ကျော်၊ ဒိုင်ဂျူရီ ၈၀၀ ကျော် တည်းခိုနေထိုင်မယ့် Gold Camp Cluster 4, 5, 6 မှာ မြို့ပြ၊ ရေ၊ မီး ပြုပြင်ခြင်း လုပ်ငန်းတွေကတော့ ဆောင်ရွက်နေဆဲ ဖြစ်ပြီးတော့ ရာခိုင်နှုန်းအားဖြင့် ၈၀ ရာခိုင်နှုန်းကျော်ရှိပြီဖြစ်ပါတယ်။ ပြိုင်ပွဲကျင်းပမယ့်နေရာတွေမှာ အသံစနစ်တွေ၊ အဲကွန်းစနစ်တွေ၊ လျှပ်စစ်စနစ်တွေ၊ မြို့ပြ၊ ရေ၊ မီး၊ မိလ္လာစတဲ့ လိုအပ်တဲ့ ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါတယ်။ ပြိုင်ပွဲကာလမှာ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုမရှိအောင် အရန်မီးစက်တွေကိုထားရှိမယ့် အစီအစဉ်ကိုလည်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနဲ့ ပေါင်းစပ် ဆောင်ရွက်နေပါတယ်။ ပြီးတော့ ပြိုင်ပွဲကာလအတွင်း အမှိုက်သိမ်းစနစ်တွေ ဆောင်ရွက်နိုင်ဖို့ နေပြည်တော် စည်ပင်သာယာရေး ကော်မတီနဲ့လည်း ပေါင်းစပ်ဆောင်ရွက်နေပါတယ်” ဟု အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းက ရှင်းပြသည်။

ယမန်နေ့က ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် ဝန်ကြီးဌာနအဆင့် အသင်းလိုက် အားကစားနည်းများအတွက် ပွဲစဉ်ဇယားမဲနှိုက်ခြင်းအခမ်းအနားကို ကျင်းပခဲ့ပြီး ဝန်ကြီးဌာနအဆင့် အသင်းများမှ အားကစားသမားများက ပြေးခုန်ပစ် (အမျိုးသား၊ အမျိုးသမီး)၊ ဘောလုံး (အမျိုးသား)၊ ဖူဆယ် (အမျိုးသား)၊ ဂေါက်သီး (အမျိုးသား)၊ ပိုက်ကျော်ခြင်း (အမျိုးသား)နှင့် ဘော်လီဘော (အမျိုးသား) စသည့် အားကစားနည်းခြောက်နည်းကို ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်သည်။

**ရည်ရွယ်ကျင်းပ**

အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်၊ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင် အောင်မြင်မှုရရှိစေရန်၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အဆင့်မီ အားကစားသမားများနှင့် အလားအလာရှိသော လူငယ်မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရန်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအကြား အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိပြီး အားကစားလှုပ်ရှားမှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်လာနိုင်စေရန်၊ ပြည်သူတစ်ရပ်လုံး အားကစားကို ပိုမို စိတ်ပါဝင်စားလာပြီး အားကစား လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**သတင်းစဉ်**



အမျိုးသားအားကစားပွဲတော် ကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# တာချီလိတ်မြို့ မြို့ကျက်သရေဂုဏ်ဆောင် ဆုတောင်းပြည့်ရွှေတိဂုံစေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်မြောက် စိန်ဖူးတော်တင်လှူပူဇော်နိုင်ရေးနှင့် အရံစေတီတော်များ ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးအတွက် တတိယအကြိမ် အလှူတော်ငွေများ လှူဒါန်းပွဲပြုလုပ်

နေပြည်တော် နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ရှိ မြို့ကျက်သရေဂုဏ်ဆောင် ဆုတောင်းပြည့်ရွှေတိဂုံစေတီတော်မြတ်ကြီး၏ စတုတ္ထအကြိမ်မြောက် စိန်ဖူးတော်တင်လှူပူဇော်နိုင်ရေးနှင့် အရံစေတီတော်များ ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးအတွက် တတိယအကြိမ် အလှူတော်ငွေများလှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်ဓမ္မာရုံ၌ ပြုလုပ်ရာ ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တကောဝိဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သီလဓမ္မကုန်းသာ တောရကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် အလှူရှင်များက တိုင်းမှူးထံ အလှူငွေများ ပေးအပ်လှူဒါန်းကြပြီး သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဆရာတော်က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါ စတုတ္ထအကြိမ်မြောက် စိန်ဖူးတော်တင်လှူပူဇော်နိုင်ရေးနှင့် အရံစေတီတော်များ ရွှေသင်္ကန်းကပ်လှူပူဇော်နိုင်ရေးအတွက် အလှူရှင်များက တတိယအကြိမ် အလှူတော်ငွေကျပ်သိန်း ၇၃၀၀ နှင့် ထိုင်းဘတ်ငွေ ၅၀၀၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# မြိတ်မြို့ စံကျောင်းတိုက်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်

နေပြည်တော် နိုဝင်ဘာ ၂၀

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ စံကျောင်းတိုက်ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၂၅ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင် ၂၅ ပါးတို့ကို အရိုး/အကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ အရေပြားရောဂါ၊ ကလေးရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းနှင့် ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စံကျောင်းတိုက်ဆရာတော်အား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၅)နှင့် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၂၁) သင်တန်းဆင်း

ရန်ကုန် နိုဝင်ဘာ ၂၀

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၅) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ် ကေတုမတီခန်းမ၌ ကျင်းပသည်။

အဆင့်မြင့်အရာထမ်းသင်တန်းဆင်းပွဲ အခမ်းအနားသို့ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်ဦးစိုးတင့် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

သင်တန်းဆင်းပွဲသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ထို့ပြင် အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၂၁) သင်တန်းဆင်းပွဲကို စစ်ရေးပြကွင်း၌ ကျင်းပရာ ပါမောက္ခချုပ်က သင်တန်းသားစံပြဆု၊ သင်တန်းသူစံပြဆု၊ သေနတ်ပစ်ထူးချွန်ဆု၊ စစ်ရေးပြထူးချွန်ဆုနှင့် သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ်(၂၅)ကို စက်တင်ဘာ ၂၃ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၄၀ တက်ရောက်ကြကာ အရာထမ်းအခြေခံသင်တန်း အမှတ်စဉ်(၂၂၁)ကို ဩဂုတ် ၂၆ ရက်မှ နိုဝင်ဘာ၂၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၁၈၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ဘိုးဘွားပေးတဲ့ အမျိုးသားရေးအမွေ

☆ စပါးဆန်ရေ သယံဇာတ
ကြွယ်ဝတဲ့ တို့နိုင်ငံ၊
ရင်းမြစ်စုံ အကုန်ရှိတဲ့
ဘူမိနက်သန်၊
ကိုယ့်ထီးကိုယ့်နန်းရယ်နဲ့
ကိုယ့်ကြငှန်း ကိုယ်ပိုင်စံ
အောင်လံလွှင့် ခံ့ညား။
ရွှေနိုင်ငံ ရွှေရောင်လွှမ်းတယ်
အေးချမ်းစည်ကား။
☆ အေးချမ်းသာ နိုင်ငံလှလို့
မျက်စိကျ မက်မောကာ၊
နယ်ချဲ့ကောင် မိစ္ဆာမျိုးတို့
တိုးဝင်လို့လာ၊
သုံးကြိမ်တဲ့သုံးခါ
ကျူးကျော်ကာ ပိုင်နက်လု။
တို့မြန်မာ အညွန့်ချိုးဖို့
စိုးမိုးကျွန်ပြု၊
☆ ဆင်ကြံကြံ ကျွန်ဇာတ်လမ်းနဲ့
ကျွန်သက်တမ်း ရှည်ဖို့ရာ
တွေးတောလို့သာ၊
တစ်လမ်းသွားစေမယ့်
လမ်းမှားပို့ ကျွန်ပညာ
သင်ကြားကာ ကျွန်စိတ်မွေး။
နယ်ချဲ့ဉာဏ် အကြံပျက်အောင်
ကန့်ကွက်ပြီလေး။
☆ ကန့်ကွက်ကာ နိုးကြားအတွေးရယ်နဲ့
အမျိုးသားရေး ကြွေးကြော်သံ၊
နယ်ချဲ့ကောင် အခံရခက်
မျက်ဖြူကြီးလန်၊
ကရက်ဒေါက် ဘုရင်ခံ
အင်္ဂလန် ပြန်ပြေး။
နယ်ချဲ့ကို စိန်ခေါ်ခဲ့တဲ့
အောင်ပွဲကွဲ့လေး။
☆ အနိုင်ယူ ဗွေဆော်ဦးမို့
ပျော်မြူးလို့ အောင်ပွဲဆင်၊
လွတ်လပ်အောင် လှုံ့ဆော်ပေးတဲ့
ဟစ်ကြွေးသံလွင်၊
ကြိုးပမ်းမှု မော်ကွန်းတင်
သမိုင်းဝင် အမျိုးသားနေ့။
ဘိုးဘွားပေးပါတဲ့
အမျိုးသားရေး အမွေခံလို့
တို့နိုင်ငံ စည်သာဖြိုးအောင်
ကြိုးပမ်းမယ်လေ့။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ထားဝယ်မြို့၌ (၃၅)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကျင်းပ

**ထားဝယ် နိုဝင်ဘာ ၂၀**

(၃၅)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီးအနေဖြင့် တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီများကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်ကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ်တွင်ပါရှိသည့် ကလေးသူငယ်အခွင့်အရေး(၄)ရပ်ဖြစ်သောကလေးသူငယ်များ အသက်ရှင်သန်ခွင့်၊ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကလေးသူငယ်များကို အကြမ်းဖက်မှု၊ လျစ်လျူရှုမှုနှင့် ခေါင်းပုံဖြတ်မှုအမျိုးမျိုးမှ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ကလေးသူငယ်များ၏အရေးကိစ္စရပ်များတွင် ကလေးသူငယ်များ ကိုယ်တိုင် ပူးပေါင်းပါဝင် ဆောင်ရွက်ခွင့်တို့ကို သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် လက်တွဲ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ကလေးသူငယ်များ၏ အနာဂတ်ဘဝ စုံလင်ပြည့်ဝ ပွင့်လန်းဝေဆာရန်နှင့် နောင်တစ်ချိန်တွင် တိုင်းပြည်အတွက် အားကိုးအားထားပြုရသော နိုင်ငံ့သားကောင်းရတနာများဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် Video Clip ကိုလည်းကောင်း၊ မူလတန်းကြိုကျောင်းမှ သားငယ်သမီးငယ်များက တေးသီချင်းများ၊ ပုံပြင်များ၊ ကဗျာများ၊ သရုပ်ဖော်ပုံပြင်များ၊ အကအလှများ၏ သီဆိုကပြဖျော်ဖြေမှုများကိုလည်းကောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများက ကြည့်ရှုအားပေးပြီး အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# တိုင်းဒေသကြီးဝန်ကြီးချုပ် (၃၅)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း နှစ်ပတ်လည်အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့အခမ်းအနားသို့ တက်ရောက်



**ပုသိမ် နိုဝင်ဘာ ၂၀**

(၃၅)နှစ်မြောက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှစ်ပတ်လည်အထိမ်းအမှတ်၊ ကမ္ဘာ့ကလေးများနေ့အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့်ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ တာဝန်ရှိသူများနှင့် ကလေးသူငယ်များ တက်ရောက်ကြသည်။

(၃၅)နှစ်မြောက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှစ်ပတ်လည် အထိမ်းအမှတ် ကမ္ဘာ့ကလေးများနေ့ အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်ကို အပြည်ပြည်ဆိုင်ရာစာချုပ်အဖြစ် အတည်ပြုပြဋ္ဌာန်းခဲ့သည့် နိုဝင်ဘာလ ၂၀ ရက်နေ့ကို ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှစ်ပတ်လည်နေ့၊ ကမ္ဘာ့ကလေးများနေ့(World Children’s Day) အဖြစ် သတ်မှတ်ခဲ့ပြီး ကလေးများကိုယ်တိုင်ပါဝင်သည့် အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာတစ်ဝန်း ကျင်းပခဲ့ခြင်းဖြစ်ပါကြောင်း၊ ကလေးများအတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သဘောတူစာချုပ်အရ အခြေခံလိုအပ်ချက်ဖြစ်သည့် အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်များကို ဆောင်ရွက်ပေးရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေများကို ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်အဆင့် အမျိုးသားကော်မတီများ ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ကမ္ဘာပေါ်ရှိ ကလေးများအားလုံး၏ အခွင့်အရေးတစ်ရပ်ဖြစ်သည့် ကလေးများကိုယ်တိုင်ပါဝင်ဆောင်ရွက်ခွင့် ရရှိစေရန် ကလေးများ၏အသံကိုနားထောင်၍အနာဂတ်သာယာကောင်းမွန်စေရန် ဖန်တီးပေးနိုင်ရေး ရည်ရွယ်ခြင်းဖြစ်ပါကြောင်း အမှာစကားပြောကြားသည်။

**ဂုဏ်ပြုလက်ဆောင်များပေးအပ်**

ထို့နောက်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပေးပို့သည့် မှတ်တမ်းဗီဒီယိုနှင့် ပုသိမ်မူလတန်းကြိုကျောင်းများမှ ရင်သွေးငယ်များ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကမ္ဘာ့ကလေးများနေ့အကြို စာစီစာကုံးပြိုင်ပွဲ အခြေခံပညာအထက်တန်းအဆင့်တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့်ကျောင်းသားကျောင်းသူများအား ဆုများနှင့် ကပြဖျော်ဖြေသည့် ရင်သွေးငယ်များအား ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မန္တလေးမြို့ရှိ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့ ကျောင်းသား ကျောင်းသူများ လာရောက်ကြည့်ရှုလေ့လာ

**မန္တလေး နိုဝင်ဘာ ၂၀**

ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန (မန္တလေး-ဌာနခွဲ) အောက်ရှိ မန္တလေးမြို့ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့ နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းက Little Champs International Preschool မှ ကျောင်းသားကျောင်းသူများနှင့် ဆရာ ဆရာမများ၊ ကြီးကြပ်သူများ အပါအဝင် စုစုပေါင်း ၈၀ တို့လာရောက်ကြည့်ရှုလေ့လာကြသည်။



“ပြတိုက်မှာ သမိုင်းအစဉ်လိုက် ပြခန်းနဲ့ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ သမိုင်းတင်ခေတ်နဲ့ ရတနာပုံခေတ်ဆိုပြီး ခေတ်အလိုက် ပြသထားပါတယ်။ ရတနာပုံခေတ် ပြခန်းမှာဆိုရင် မင်းညီမင်းသားတော်ဝင် မိသားစုတွေရဲ့ အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းတွေ ပြသထားသလို မန္တလေးဒေသတစ်ဝိုက်မှာ တူးဖော်တွေ့ရှိတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ပြသထားပါတယ်။ အခုလို လာရောက်လေ့လာခြင်းအားဖြင့် မြန်မာ့သမိုင်းနဲ့ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်တွေကို သိရှိပြီး တန်ဖိုးထားထိန်းသိမ်း တတ်လာမှာဖြစ်ပါတယ်”ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြတိုက်ကို တနင်္လာနေ့နှင့် အခါကြီးနေ့ကြီး ရုံးပိတ်ရက်များမှအပ ကျန်ရက်များတွင် နေ့စဉ် နံနက် ၉နာရီခွဲမှ ညနေ ၄နာရီခွဲထိ ဖွင့်လှစ်ထားရှိပြီး ဝင်ကြေးအဖြစ် တစ်ဦးလျှင် ငွေကျပ် ၅၀၀၊ နိုင်ငံခြားသားဖြစ်ပါက တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ ကောက်ခံကြောင်းနှင့် ကျောင်းသား ကျောင်းသူများနှင့် ရဟန်းသံဃာများအတွက် အခမဲ့ လေ့လာနိုင်ကြောင်း သိရသည်။

**မောင်အေးချမ်း**

# အုတ်တွင်းမြို့နယ်၌ လူငယ်စကားဝိုင်း ကျင်းပ

**အုတ်တွင်း နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက အခြေခံပညာ အထက်တန်းကျောင်း (ထန်းကုန်း) ၌ ကျင်းပသည်။

ဦးစွာ လူငယ်စကားဝိုင်းတွင် အုတ်တွင်းမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း (ထန်းကုန်း) မှ အထက်တန်းပြဆရာမ ဒေါ်ခင်စန်းယုက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက လူငယ်စကားဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက စေ့စပ်ညှိနှိုင်းသူအဖြစ် ပါဝင်ဆောင်ရွက်ပြီး ကျောင်းသားကျောင်းသူများက “လူငယ်နှင့် ကျန်းမာရေး”၊ “လူငယ်နှင့် စာဖတ်ခြင်း”၊ “လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး”၊ “လူငယ်နှင့် ပညာရေး”၊ “လူငယ်နှင့် စာရိတ္တ”၊ “လူငယ်နှင့် မူးယစ်ဆေး”စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ဆက်လက်၍ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး၊ အမျိုးသားနေ့ အထိမ်းအမှတ် အကြို အသိပညာပေးနံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**



ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

# တရုတ်သမ္မတရှီကျင့်ဖျင် ဂျာမနီဝန်ကြီးချုပ် အိုလက်စခုဇ်နှင့် ပြင်သစ်သမ္မတ မက်ခရွန်တို့အား သီးခြားစီတွေ့ဆုံ

**ရီယိုဒီဂျနေးရိုး နိုဝင်ဘာ ၂၀**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် ဂျာမနီဝန်ကြီးချုပ် အိုလက်စခုဇ်နှင့် ပြင်သစ်သမ္မတ မက်ခရွန်တို့အား သီးခြားစီတွေ့ဆုံခဲ့ကြောင်း သိရသည်။

အဆိုပါအစည်းအဝေးများကို ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့တော်တွင် ကျင်းပသည့် စက်မှုထိပ်သီးနိုင်ငံ ၂၀ (ဂျီ-၂၀) ထိပ်သီးအစည်းအဝေး၏ ပြင်ပအဖြစ် ကျင်းပခဲ့ခြင်းဖြစ်သည်။

တရုတ်နှင့် ဂျာမနီ နှစ်နိုင်ငံ၏ စီးပွားရေးဆိုင်ရာ အသီးအပွင့်များ အကျိုးတူမျှဝေခံစားရန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုသည် အနာဂတ်အတွက် အခွင့်အလမ်းတစ်ခုဖြစ်ကြောင်း သမ္မတ ရှီကျင့်ဖျင်က ပြောကြားသည်။ တရုတ်နိုင်ငံသည် ဂျာမနီအား အရေးပါသော မိတ်ဖက်နိုင်ငံအဖြစ် မှတ်ယူထားပြီး ဂျာမနီကုမ္ပဏီများအတွက် ကျယ်ပြန့်သော ဈေးကွက်အခွင့်အလမ်းများကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သမ္မတရှီက ပြောကြားသည်။

နှစ်နိုင်ငံအကြား ဘက်စုံဆွေးနွေးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားကောင်းလာစေရန်နှင့် သဘောထားကွဲလွဲမှုများကို မှန်ကန်စွာဖြေရှင်းရန် မျှော်လင့်ကြောင်း ဂျာမနီဝန်ကြီးချုပ် အိုလက်စခုဇ်က ပြန်လည်ပြောကြားသည်။

ပြင်သစ်သမ္မတ မက်ခရွန်နှင့် တွေ့ဆုံရာတွင် တရုတ်နှင့် ပြင်သစ်နှစ်နိုင်ငံသည် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအတွက် အလားအလာများကို ပိုမိုထိရောက်စွာ အသုံးချနိုင်စေရန်၊ အားသာချက်များကို ပိုမိုခိုင်ခံ့စေကာ အပြန်အလှန် အကျိုးကျေးဇူးများနှင့် ရလဒ်ကောင်းများ ရရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း သမ္မတရှီကျင့်ဖျင်က ပြောကြားသည်။

အမေရိကန်ရွေးကောက်ခံသမ္မတ ထရမ့် ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ပြီးနောက် တရုတ်နှင့် အမေရိကန်ကြား ကုန်သွယ်ရေးပဋိပက္ခ ဖြစ်လာနိုင်သည့် အချိန်တွင် အီးယူအဖွဲ့ဝင်များနှင့် စီးပွားရေးဆက်ဆံရေး ခိုင်မာစေရန် သမ္မတရှီက ကြိုးပမ်းလျက်ရှိကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဂျာမနီဝန်ကြီးချုပ် အိုလက်စခုဇ် စက်မှုထိပ်သီးနိုင်ငံ ၂၀ (ဂျီ-၂၀) ထိပ်သီးအစည်းအဝေးပြင်ပ၌ နိုဝင်ဘာ ၁၉ ရက်က တွေ့ဆုံစဉ်။

# အမေရိကန်ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့် Space X မှ အာကာသယာဉ် စမ်းသပ်ပစ်လွှတ်မှုကို ကြည့်ရှုအားပေး



**ဝါရှင်တန် နိုဝင်ဘာ ၂၀**

အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်သည် လူမှုမီဒီယာ အိက်စ်တည်ထောင်သူ အီလွန်မတ်စ်၏ SpaceX မှ တီထွင်ထားသည့် ရောမ အာကာသယာဉ် စမ်းသပ်ပစ်လွှတ်မှုကို ယမန်နေ့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

SpaceX အာကာသနည်းပညာကုမ္ပဏီသည် အမေရိကန်တောင်ပိုင်း တက္ကဆက်ပြည်နယ်ရှိ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ Starship ဒုံးပျံကို နိုဝင်ဘာ ၁၉ ရက်တွင် လွှတ်တင်ခဲ့သည်။

ထရမ့် ရွေးကောက်ပွဲတွင် အနိုင်ရရှိရေးအတွက် အီလွန်မတ်စ်သည် ငွေကြေးအမြောက်အမြား ကုန်ကျခံကာ ကြိုးပမ်းခဲ့သည်။ ထရမ့်ကလည်း ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီးနောက် အီလွန်မတ်စ်အား အစိုးရအသုံးစရိတ်များကို လျှော့ချရန် စဉ်းစားသုံးသပ်သည့် အဖွဲ့အစည်းသစ်၏ ပူးတွဲခေါင်းဆောင်အဖြစ် ခန့်အပ်ရန် စာရင်းသွင်းထားကြောင်း သိရသည်။

အီလွန်မတ်စ်၏ SpaceX မှ တီထွင်ထားသည့် ရောမ အာကာသယာဉ် စမ်းသပ်ပစ်လွှတ်မှုကို ဒေါ်နယ်ထရမ့် လာရောက်ကြည့်ရှုခြင်းသည် ၎င်းတို့နှစ်ဦးအကြား နီးကပ်သည့်ဆက်ဆံရေးနှင့် ထရမ့်၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းအပေါ် အီလွန်မတ်စ်၏ ဩဇာလွှမ်းမိုးမှု မြင့်တက်လာခြင်း၏ လက္ခဏာတစ်ရပ်ဖြစ်ကြောင်း အမေရိကန် မီဒီယာများက သတင်းဖော်ပြသည်။ **ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဟားမတ်စ်အဖွဲ့ကထိန်းသိမ်းထားသည့် ဓားစာခံများကို လွတ်မြောက်အောင်ဆောင်ရွက်နိုင်ပါက ဆုကြေးငွေပေးအပ်မည်ဟု နေတန်ယာဟုပြောကြား

**ဂျေရုဆလင် နိုဝင်ဘာ ၂၀**

ဟားမတ်စ်အဖွဲ့က ထိန်းသိမ်းထားသည့် ဓားစာခံများကို လွတ်မြောက်အောင်ဆောင်ရွက်နိုင်သူကို ဓားစာခံတစ်ဦးအတွက် ကန်ဒေါ်လာ ငါးသန်း ပေးအပ်မည်ဟု အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမန် နေတန်ယာဟုက ပြောကြားခဲ့ကြောင်း တက်စ်သတင်းဌာန၏သတင်းဖော်ပြချက်အရ သိရသည်။

ပါလက်စတိုင်းဒေသခံများအား ပြောကြားလိုသည့်အချက်မှာ ဓားစာခံများအား အဆင်ပြေချောမွေ့စွာ ပြန်လည်လွတ်မြောက်ရေးအတွက် အကျိုးဆောင်ပေးမည်ဆိုပါက ဓားစာခံတစ်ဦးလျှင် ကန်ဒေါ်လာ ငါးသန်းပေးအပ်မည်ဖြစ်ကြောင်းနှင့် ယခုတာဝန်အား ထမ်းဆောင်ရန် စဉ်းစားရွေးချယ်ရမည့်အပိုင်းမှာ ပါလက်စတိုင်းဒေသခံများ၏ တာဝန်သာဖြစ်ကြောင်း နေတန်ယာဟုက ထပ်လောင်းပြောကြားသည်။

ဓားစာခံများအား ထိခိုက်စေမည့် ကိစ္စရပ်များကို လက်သင့်ခံမည်မဟုတ်ဘဲ ဟားမတ်စ်အဖွဲ့ကိုလည်း အမြစ်ပြတ်တိုက်ခိုက်ချေမှုန်းမည်ဟု ၎င်းက မှတ်ချက်ပြုပြောကြားသည်။ လက်ရှိအချိန်တွင် ဂါဇာဒေသ၌ ဟားမတ်စ်တို့ထိန်းသိမ်းထားသည့် ဓားစာခံအရေအတွက် ၁၀၁ ဦးရှိကြောင်း သိရသည်။

ဟားမတ်စ်စစ်သွေးကြွများက အစ္စရေးပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ဂါဇာနယ်စပ်အနီးတွင် နေထိုင်သော အစ္စရေးနိုင်ငံသားအများအပြား သေဆုံးခဲ့ပြီး အမျိုးသမီးများ အပါအဝင် အစ္စရေးနိုင်ငံသား ၂၄၀ ကျော်ကို ပြန်ပေးဆွဲခဲ့သည်။ ယင်းဖြစ်ရပ်များကြောင့် အရှေ့အလယ်ပိုင်းဒေသတွင် တင်းမာမှုများမြင့်တက်ခဲ့သည်။

**ကိုးကား-တက်စ်သတင်းဌာန**
**ဘာသာပြန်-စိုးသူရ**

# ယခုနှစ် နိုဝင်ဘာလလယ်အထိ ထိုင်းနိုင်ငံသို့လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသည် ၃၀ ဒသမ ၅၆ သန်းကျော် စံချိန်တင်

**ဗန်ကောက် နိုဝင်ဘာ ၂၀**

ယခုနှစ် နိုဝင်ဘာလလယ်အထိ ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသား ခရီးသည် အရေအတွက် ၃၀ ဒသမ ၅၆ သန်းကျော် စံချိန်တင်ခဲ့ကြောင်း ထိုင်းခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန၏ တရားဝင်အချက်အလက်များအရ သိရသည်။



ယခုနှစ်ကုန်အထိ နိုင်ငံခြားသားခရီးသည် ၃၆ ဒသမ ၇ သန်း လာရောက်ရန် ရည်မှန်းထားရာ လာရောက် လည်ပတ်သည့် နိုင်ငံခြားသား ခရီးသည်များအနက် တရုတ်ခရီးသည် ဝင်ရောက်မှုအရေအတွက်သည် ၅ ဒသမ ၈၇ သန်းဖြင့် အများဆုံးနေရာတွင် ရပ်တည်လျက်ရှိပြီး မလေးရှားခရီးသည် ဝင်ရောက်မှု ၄ ဒသမ ၃၆ သန်းနှင့် အိန္ဒိယခရီးသည်ဝင်ရောက်မှု ၁ ဒသမ ၈၂ သန်းဖြင့် ရပ်တည်လျက်ရှိကြောင်း ထိုင်းခရီးသွားလုပ်ငန်းနှင့် အားကစားဝန်ကြီးဌာန၏အချက်အလက်များအရ သိရသည်။

အထူးသဖြင့် ခရီးသွားလာရေး လွယ်ကူစေရန် အစိုးရ၏ ဆောင်ရွက်မှုများနှင့် ထိုင်းနိုင်ငံသို့ ပြေးဆွဲသည့် လေကြောင်းလိုင်းများ တိုးချဲ့ဆောင်ရွက်ခြင်းတို့ကြောင့် ယခုကဲ့သို့ ခရီးသွားဦးရေ တိုးလာခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထိုင်းနိုင်ငံသည် ယခုနှစ် လက်ရှိအချိန်အထိ နိုင်ငံခြားသား ခရီးသည်ဝင်ရောက်မှုမှ ဝင်ငွေဘတ် ၁ ဒသမ ၄၃ ထရီလီယံ (အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၄၀ ဘီလီယံခန့်) ရရှိခဲ့ကြောင်း ဝန်ကြီးဌာနက ပြောသည်။

ထို့ပြင် ယခုနှစ် တစ်နှစ်ပတ်လုံးအတွက် ခရီးသွားလုပ်ငန်းမှဝင်ငွေ ပမာဏ ဘတ် ၃ ဒသမ ၅ ထရီလီယံ (ဒေါ်လာ ၁၀၁ ဒသမ ၃၃ ဘီလီယံခန့်) ရရှိရန် မျှော်မှန်းထားသည်။

ကပ်ရောဂါအကြိုကာလ ၂၀၁၉ ခုနှစ်တွင် ထိုင်းနိုင်ငံသည် နိုင်ငံခြားသား ခရီးသည်အရေအတွက် ၃၉ ဒသမ ၉ သန်းဖြင့် စံချိန်တင်ခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဘတ် ၁ ဒသမ ၉၁ ထရီလီယံ (အမေရိကန်ဒေါ်လာ ၅၅ ဒသမ ၂၆ ဘီလီယံခန့်) ဝင်ငွေ ရရှိခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တရားမဝင် သစ်မျိုးစုံ၊ စက်သုံးဆီများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် ဆိုင်ကယ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၂၀

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၉ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၄၇၃၂၃၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုးကောင်းမြို့ မိုးကောင်းတံတားထိပ်၌ မိုးကောင်းမြို့မှ နမ္မတီးမြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားမဝင်စက်သုံးဆီခ၁တ်ဆီခြောက်ပီပါ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၁၂၀၀၀) နှင့် အဆိုပါစက်သုံးဆီများ တင်ဆောင်လာသည့် Toyota Landcruiser တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၈၁၂၀၀၀ ကိုသိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တံတားကျိုးစုပေါင်းစစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့ ဟသ်ာအဝိုင်းပူးပေါင်းစစ်ဆေးရေးဂိတ်၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆာင်လာသည့် Nissan Vanette Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀)ကိုလည်းကောင်း၊ မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ကုန်မာတန်းလမ်းသွယ်(၁)ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၆၇၃၆၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၉၃၆၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှု ဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့ ဘုရားကိုးဆူအနီး ဟိုပုံး View Point နှင့် ဟိုပုံးရေထွက်အနီးတို့၌ ရပ်တန့်ထားသော ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၁၁၁၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mam Truck တစ်စီး၊ Hino Profia Truck တစ်စီးနှင့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၇၁၁၁၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၃၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Caravan တစ်စီး



မွန်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၃၀၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်နှင့် ကော့သောင်းခရိုင်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်သုံးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ကော့သောင်းမြို့ အေးရိပ်မြိမ်ရပ်ကွက် ကြက်ဒိုင်ဆိပ်ကမ်းအနီး မြစ်ကမ်းဘေး၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၂၅၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၂၅၀၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ ရွှေသိမ်တော်ဘုရားအနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းတစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၆၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၁၆၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လှည်းကူးမြို့နယ် ဖောင်ကြီးအနောက်ကျေးရွာအုပ်စု၌ တရားမဝင်ကျွန်းသစ် ၁ ဒသမ ၀၅၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြောင်းမြခရိုင်နှင့် မအူပင်ခရိုင်တို့၌ လိုင်စင်မဲ့ဆိုင်ကယ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင်နှင့် လယ်ဝေးခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၂၉၂ တန်၊ အခြားသစ် သုည ဒသမ ၇၉၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၃၆၄ ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

နိုဝင်ဘာ ၁၉ ရက်တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၅၂၆၈၁၉၄)ကို သိမ်းဆည်းရမိခဲ့သည်။ ယနေ့ သိမ်းဆည်းရမိမှုများတွင် တရားမဝင်တင်သွင်းလာသည့် စားသောက်ကုန်၊ လူသုံးကုန်နှင့် လုပ်ငန်းသုံးပစ္စည်းများ တွေ့ရှိရ၍ ၎င်းကုန်ပစ္စည်းများ အနေဖြင့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိနိုင်ခြင်း၊ ကုန်စည်အတုအပဖြစ်နိုင်ခြင်းနှင့် အရည်အသွေး အာမခံချက်မရှိနိုင်ခြင်းတို့ကြောင့် သုံးစွဲသူပြည်သူလူထုအတွက် ကျန်းမာရေးထိခိုက်စေခြင်းနှင့် အသက်ဘေးအန္တရာယ်များ ကျရောက်စေသည်အထိ ထိခိုက်ဆုံးရှုံးခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်သွယ်မှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၁-၁၁-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ ခေမ္ဗုဂ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၇:၃၅ ခေတ်အလိုက်ကြေးမုံပြင် 'သိဟာသနပလ္လင်ပြခန်း'
- ၀၈:၄၀ Mid Year Myanmar Gems Emporium November-2024
- ၀၉:၁၅ NRC အစီအစဉ်
- ၀၉:၄၅ အသက်ရှူတိုင်းသတိရပါကမ္ဘာ့အဆုတ်ရောင်ရောဂါ
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ မြစ်ကျဉ်းသုံးသွယ်အသွင်သစ်(ရေ)(အပိုင်း-၂)
- ၁၁:၄၀ NEXT LEVEL
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**ဆုတောင်းပြည့်ကြယ်တာရာစတာလာ**'(အပိုင်း-၁)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**ယုံကြည်ရာလမ်း**' (အပိုင်း-၂၇)
- ၁၅:၀၀ မျိုးဗုဏ်တင့်စေဆိုကရေးတီးအငွေ
- ၁၆:၃၅ မြန်မာနိုင်ငံအင်ဂျင်နီယာပညာရေးနှစ်(၁၀၀)ပြည့် အထိမ်းအမှတ်စကားဝိုင်းဆွေးနွေးပွဲ(အပိုင်း-၂)
- ၁၇:၃၅ Soccer View
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ မြစ်ကျဉ်းသုံးသွယ်အသွင်သစ်(တောင်)(အပိုင်း-၃)
- ၁၉:၃၀ ခေတ်အဆက်ဆက်မြန်မာနိုင်ငံအင်ဂျင်နီယာနည်းပညာဖွံ့ဖြိုးတိုးတက်လာမှု (Video Clip)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၁၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**ယုံကြည်ရာလမ်း**' (အပိုင်း-၂၈)
- ၂၂:၂၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Awayyar Horntu (Sein Lei Lei)
- 07:09 Shwezigon Pagoda
- 07:55 World Television Day
- 08:01 News
- 08:26 Myanmar Athelete Nyein Chan
- 08:50 Healthy Diet: Keto Diet
- 09:01 Major Workforce of MRTV
- 09:15 Wholesale Fish
- 09:20 People's Military Service Law 5
- 09:28 Myanmar Big Circular Tray
- 09:55 World Fisheries Day
- 10:01 News

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
'ဝ' ညီနောင်တို့ရဲ့သီးခြားကမ္ဘာလေးဆီသို့(အပိုင်း-၁)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
စားချင်စဖွယ်ကချင်ဆာဖြယ်

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ထူးဆန်းဖွယ်ရာမလေ့ရိုးရာ(တံခွန်တိုင်ပွဲတော်)

**စကောကရင် (၁၂:၀၀ မှ ၁၃:၀၀)**
အသက်အရွယ်ရလာသူများရေပိုသောက်သင့်သောအကြောင်းအရင်းများ

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ကရင်ရိုးရာစောင်းတူရိယာ

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(လူ့ခန္ဓာကိုယ်အစိတ်အပိုင်း)

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
ဆောင်းတွင်းမှာတစ်မူထူးခြားပြီးသာယာလှပတဲ့ဖလမ်းမြို့

**ချင်း (ခြိုး) (၁၆:၀၀ မှ ၁၈:၀၀)**
နှိုင်းယှဉ်သုံးမစကား(စကားပုံများ)

**မွန် (၁၈:၀၀ မှ ၁၉:၀၀)**
ထန်းပင်ပေါ်ကတို့ပေပေ

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
လခြမ်းမြို့မှရိုးရာအလှ(အပိုင်း-၁)

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
အလှမှာယဉ်ဆေးဖက်ဝင်သည့်တရုတ်စံကားပွင့်လေးများ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှုန်ကဏ္ဍ(LIVE)
- ၁၈:၄၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**ဖြူစင်သောစိတ်ထား**'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသောနိုင်ငံများအကြောင်းသိကောင်းစရာများ
- ၁၀:၁၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၀၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၅၀)

### MRTV FARMERS / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ မြန်မာလူမျိုးရဲ့မပါမဖြစ်အစားအစာ နေပြည်တော်ရဲ့ရွှေဥဒေါင်းပဲကြော်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့်မိုးလေဝသ
- ၁၈:၂၀ Fitness Fusion
- ၁၉:၁၀ A Vegetable Farmers Amazing 2021 From Planting to Harvest
- ၁၉:၄၅ International Music Hits
- ၂၀:၀၀ ချန်ပီယံလေးများ(ဇာတ်လမ်း)
- ၂၂:၀၀ Suzume (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Football Highlight
- ၀၇:၄၀ Weekly Soccer Preview
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ဖယ်ခုံမြို့နယ်အတွင်း နယ်မြေတည်ငြိမ်အေးချမ်းမှုအခြေအနေအား တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

ကလော နိုဝင်ဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောခရိုင် ဖယ်ခုံမြို့နယ်အတွင်း တိုက်ပွဲများဖြစ်ပွားမှုကြောင့် နယ်မြေတည်ငြိမ်အေးချမ်းမှုအခြေအနေ၊ နေရပ်စွန့်ခွာ၍ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ပြန်လည်နေရာချထားရေး၊ ဝန်ထမ်းများ မိမိတို့ရုံးအလိုက် ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရေးနှင့် စနစ်တကျနေရာချထားနိုင်ရေးအတွက် ယနေ့နံနက် ၇ နာရီက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် ကလောခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့် ဦးဆောင်၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်နိုင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၂) ဦးခင်မောင်လေးတို့က ဖယ်ခုံမြို့သို့သွားရောက်၍ ယာယီတိုက်ပွဲရှောင်ပြည်သူများနှင့် ရုံးဌာနများအား ပြန်လည်နေရာချထားနိုင်ရေးအတွက် ဖယ်ခုံတပ်နယ်မှူးနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြသည်။

ထို့နောက် မြို့တွင်းနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ယာယီတိုက်ပွဲရှောင်နေရာမှ မြို့တွင်းပြန်လည်ဝင်ရောက်လာသော ပြည်သူများနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားပြီး ပြန်လည်နေရာချထားပေးမည့်အစီအမံများကို ရှင်းလင်းပြောကြားသည်။

ဖယ်ခုံမြို့နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများကြောင့် ယာယီတိုက်ပွဲရှောင်ပြည်သူများ၏ အိမ်ထောင်စု ၃၃၄၈ စု၊ လူဦးရေ ၁၅၆၆၆ ဦးခန့်ရှိကြောင်း၊ ယခုအခါ ဖယ်ခုံမြို့တွင် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့များ၏ ပြန်လည်ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သောင်းကျန်းသူများ စွန့်ခွာထွက်ပြေးသွားကြပြီဖြစ်သဖြင့် နယ်မြေတည်ငြိမ်အေးချမ်းလာမှုနှင့်အတူ နိုဝင်ဘာ ၂၀ ရက်တွင် ယာယီတိုက်ပွဲရှောင်ပြည်သူ ၁၈ ဦး ပြန်လည်ဝင်ရောက်လာပြီဖြစ်ကြောင်း သိရသည်။ ခရိုင် (ပြန်/ဆက်)

# အင်းစိန်မြို့နယ်၌ သတင်းရေးသားနည်း သင်တန်းဖွင့်

ရန်ကုန် နိုဝင်ဘာ ၂၀

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)က ကြီးမှူး၍ သတင်းရေးသားနည်းသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးသက်တင် (မောင်သာတင့်-မြန်အောင်)က အမှာစကား ပြောကြားသည်။ ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက သတင်းရေးသားနည်းသင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ပြောကြားပြီး အင်းစိန်မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က မီဒီယာဥပဒေ၊ နည်းဥပဒေနှင့်ကျင့်ဝတ်များအကြောင်း၊ မောင်သာတင့် (မြန်အောင်)က သတင်းဆောင်းပါးရေးသားနည်းအကြောင်းနှင့် ဝင်းနွယ်(ပုသိမ်)က သတင်းလိုက်နှင့် သတင်းရေးသားနည်းအကြောင်းများကို ဘဝ အတွေ့အကြုံများနှင့်ယှဉ်၍ ဆွေးနွေးဟောပြောသင်ကြားပေးမည် ဖြစ်သည်။

အဆိုပါ သတင်းရေးသားနည်းသင်တန်း (၃/၂၀၂၄)ကို နိုဝင်ဘာ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် နံနက် ၁၀နာရီမှ မွန်းလွဲ ၃ နာရီအထိ ဖွင့်လှစ် သင်ကြားပေးပြီး ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်ကိုးမြို့နယ်မှ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများကို လုပ်ငန်းခွင်ကျွမ်းကျင်ဗဟုသုတရရှိရေးအတွက် အထူးအစီအစဉ်ဖြင့် သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။ မြင့်ဦး





# ရေကြည်မြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြော

ရေကြည် နိုဝင်ဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် သစ်တောဦးစီးဌာနက မြို့နယ်အဆင့်မီးခိုးမြူငွေ့လျှော့ချရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီက အသုတ်မြို့ အထက (ကွင်းသုံးဆင့်)၌ ကျင်းပသည်။

ဟောပြောပွဲတွင် ရေကြည်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထူးနိုင်က မီးခိုးမြူငွေ့လျှော့ချရေး၊ ရေကြည်မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လဲ့ရည်ချိုက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ရေကြည်မြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးပိုင်မင်းဝေက သစ်တောနှင့် ရာသီဥတုပြောင်းလဲမှုလျှော့ချရေးတို့နှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။ မြို့နယ် (ပြန်/ဆက်)

# မြိတ်မြို့နယ် တုံးဗျောကျေးရွာဟောင်းအနီးရှိ ခရီးသွားဆိုင်ကယ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ကြောင်း မဟုတ်မမှန်လုပ်ကြံရေးသားဝါဒဖြန့်

နေပြည်တော် နိုဝင်ဘာ ၂၀

တနင်္သာရီ တိုင်းဒေသကြီး မြိတ်မြို့နယ် တုံးဗျောကျေးရွာဟောင်းအနီးတွင် ခရီးသွားဆိုင်ကယ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နိုဝင်ဘာ ၁၈ ရက်က ပစ်ခတ်ခဲ့ကြောင်း၊ အဆိုပါပစ်ခတ်မှုကြောင့် ခရီးသွားပြည်သူတစ်ဦး သေဆုံးပြီး နှစ်ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ယင်းရက်က တုံးဗျောကျေးရွာဟောင်းအနီးသို့ PDF အမည်ခံအကြမ်းဖက်သမားများ စုဖွဲ့ရောက်ရှိနေကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် တာဝန်သိ ပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ နှစ်ဖက်တိုက်ပွဲများ ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ထိခိုက်ဒဏ်ရာများရရှိကာ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်းနှင့် ခရီးသွားဆိုင်ကယ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့သည်မှာ သတင်းမှားသာ ဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။




တရားမဝင် ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်နှင့် နယ်မြေ တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်အတွက် ယခုကဲ့သို့ မဟုတ်မမှန် လုပ်ကြံသတင်းများဖြင့် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၁၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၀၁၀ | ၃၀၉၀ | ၃၀၆၅ | ၃၀၂၀ | ၃၀၉၀ | ၃၁၀၅ | ၃၁၁၅ | ၃၀၇၀ | ၄၅၀၅ | ၃၂၂၅ | ၃၀၈၀ | ၃၀၉၅ | ၃၁၂၅ | ၃၁၁၅ | ၃၁၃၀ | ၃၅၃၀ | ၄၀၀၀ |
| 95 Ron | ၃၂၀၀ | ၃၂၈၅ | ၃၂၆၀ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၅ | ၄၅၆၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၄၁၅၀ |
| HSD (500 ppm) | ၂၆၆၅ | ၂၇၄၅ | ၂၇၂၀ | ၂၆၇၀ | ၂၇၄၅ | ၂၇၅၅ | ၂၇၇၀ | ၂၇၂၅ | - | ၂၈၀၀ | ၂၇၃၅ | ၂၇၅၀ | ၂၇၈၀ | ၂၇၇၀ | ၂၇၈၀ | ၃၁၈၅ | ၄၀၀၀ |
| HSD (50 ppm) | ၃၃၁၀ | ၃၃၉၀ | ၃၃၆၅ | ၃၃၂၀ | ၃၃၉၅ | ၃၄၀၅ | ၃၄၂၀ | ၃၃၇၅ | ၄၈၃၀ | ၃၅၃၀ | ၃၃၈၀ | ၃၃၉၅ | ၃၄၃၀ | ၃၄၁၅ | ၃၄၃၀ | ၃၈၃၅ | - |
| HSD (10 ppm) | ၃၃၁၀ | ၃၃၉၀ | ၃၃၆၅ | ၃၃၂၀ | ၃၃၉၅ | ၃၄၀၅ | ၃၄၂၀ | ၃၃၇၅ | - | ၃၅၃၀ | ၃၃၈၀ | ၃၃၉၅ | ၃၄၃၀ | ၃၄၁၅ | ၃၄၃၀ | ၃၈၃၅ | - |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၅၃ | ၂၉၄၃ |
| 95 Ron | ၃၀၃၉ | ၃၁၃၃ |
| HSD (500 ppm) | ၂၅၁၆ | ၂၅၉၆ |
| HSD (50 ppm) | ၃၁၄၄ | ၃၂၃၇ |
| HSD (10 ppm) | ၃၁၄၄ | ၃၂၃၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# သာယာဝတီခရိုင်အတွင်း ထူးချွန်တောင်သူများ၊ သီးနှံစိုက်စွမ်းအားတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် မြို့နယ်များအား ဂုဏ်ပြုချီးမြှင့်



သာယာဝတီ နိုဝင်ဘာ ၂၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့ နံနက်ပိုင်းက ၂၀၂၃-၂၀၂၄ ခုနှစ် သာယာဝတီခရိုင်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ထူးချွန်တောင်သူများ၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအားတိုးတက်အောင် ဆောင်ရွက်ခဲ့သည့် မြို့နယ်များအား ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

## တိုက်တွန်းပြောကြား

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်သူများအနေဖြင့် မိမိတို့၏ စိုက်ပျိုးသီးနှံများအလိုက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိရေးနှင့် လာမည့်စိုက်ပျိုးရာသီတွင် ဂုဏ်ပြုချီးမြှင့်ထိုက်သူများအဖြစ် ရောက်ရှိစေရေးနှင့် တောင်သူအချင်းချင်း အထွက်နှုန်း ယှဉ်ပြိုင်ကြိုးစားလိုစိတ် ဖြစ်ပေါ်လာစေရန်နှင့် မျိုး၊ မြေ၊ ရေ၊ နည်း အဓိကအချက်ကြီး လေးချက်ကို ခေတ်မီစိုက်နည်းစနစ်များ အသုံးပြု၍ စိုက်ပျိုးသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သီးထပ်စွမ်းအားတိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည့် သာယာဝတီမြို့နယ်နှင့် သီးနှံစိုက်စွမ်းအား တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့သည့် အုတ်ဖိုမြို့နယ်တို့မှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများအား ဂုဏ်ပြုမှတ်တမ်း ဂုဏ်ပြုဆုများချီးမြှင့်ပေးအပ်သည်။ ၎င်းနောက် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက မိုးစပါး၊ နွေစပါး၊ မတ်ပဲ၊ ပဲတီစိမ်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ အစေ့ထုတ်ပြောင်းနှင့် ကြံသီးနှံများ ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိအောင် စိုက်ပျိုးနိုင်ခဲ့သည့် တောင်သူများအား ဂုဏ်ပြုမှတ်တမ်း၊ သွင်းအားစုနှင့် မျိုးစေ့ချကိရိယာများ ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြသည်။ ၎င်းနောက် ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိခဲ့သည့် ထူးချွန်တောင်သူများက စိုက်ပျိုးသီးနှံအလိုက် အတွေ့အကြုံများကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက ထူးချွန်တောင်သူများနှင့် အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြပြီး တက်ရောက်လာသည့် တောင်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်။

## ဂုဏ်ပြုချီးမြှင့်

သာယာဝတီခရိုင်အတွင်း မိုးစပါးစိုက်ရာသီတွင် တစ်ဧကအထွက်နှုန်း ၁၈၃ ဒသမ ၂၁ တင်း၊ နွေစပါးရာသီတွင် တစ်ဧကအထွက်နှုန်း ၁၆၅ တင်း၊ မတ်ပဲသီးနှံတွင် တစ်ဧကအထွက်နှုန်း ၄၂ တင်း၊ ပဲတီစိမ်းသီးနှံတွင် တစ်ဧကအထွက်နှုန်း ၃၉ ဒသမ ၇၅ တင်း၊ မြေပဲသီးနှံတွင် တစ်ဧကအထွက်နှုန်း ၁၀၃ တင်း၊ နှမ်းသီးနှံတွင် တစ်ဧကအထွက်နှုန်း ၂၆ ဒသမ ၅၀ တင်း၊ အစေ့ထုတ်ပြောင်းသီးနှံတွင် တစ်ဧကအထွက်နှုန်း ၁၄၁ ဒသမ ၂၅ တင်းနှင့် ကြံသီးနှံတွင် တစ်ဧကအထွက်နှုန်း ၃၇ တန် စိုက်ပျိုးထွက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့သည့် ထူးချွန်တောင်သူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့က ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ်၌ ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧရိယာများအတွက် မတ်ပဲမျိုးနှင့် မြေပဲမျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲ တက်ရောက်

တပ်ကုန်း နိုဝင်ဘာ ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်အတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့် ရေကြီးနစ်မြုပ်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧရိယာများအတွင်း ဆောင်းသီးနှံများအဖြစ် ပြန်လည်စိုက်ပျိုးနိုင်ရေး မတ်ပဲမျိုးနှင့် မြေပဲမျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက အနော်ရထာရပ်ကွက် ယင်းမာပင်ဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အဆိုပါထောက်ပံ့ပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက တပ်ကုန်းမြို့နယ်အတွင်း သဘာဝဘေးကြုံတွေ့ချိန်တွင် လူသေဆုံးနှင့် အိမ်မျောပါ၊ အိမ်တစ်စိတ်တစ်ပိုင်း ပျက်စီးမှုများကို ကော်မတီဖွဲ့စည်းပြီး အဆင့်ဆင့်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ရေဘေးသင့်ခဲ့သည့် လယ်ယာမြေများကိုလည်း သက်ဆိုင်ရာဌာနများက ပြန်လည်စိုက်ပျိုးနိုင်မည့်မြေများအား အခမဲ့ပြန်လည်ထွန်ယက်ပေးခြင်း၊ မျိုးစေ့ထောက်ပံ့ပေးအပ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက်တပ်ကုန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းညွန့်က မတ်ပဲမျိုးနှင့်မြေပဲမျိုးစေ့များ ထောက်ပံ့ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး၊ နေပြည်တော်ကောင်စီဝင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်များက မတ်ပဲစိုက်တောင်သူ ၁၃၂ ဦး၊ စိုက်ဧက ၅၁၂ ဧကနှင့် မြေပဲစိုက်တောင်သူ ၁၈ ဦး၊ စိုက်ဧက ၅၃ ဧကအတွက် မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အဖွဲ့ဝင်များ၊ နေပြည်တော် MSME အသင်းဥက္ကဋ္ဌ ဦးကျော်စိုးလွင်၊ မြို့နယ် MSMEအသင်း ဥက္ကဋ္ဌ ဦးမောင်မောင်နုတို့နှင့်အတူ ရေဘေးသင့်ခဲ့သည့် “ကျော်ပြည့်စုံ” ဆီစက်လုပ်ငန်း ပြန်လည်လုပ်ကိုင်နေမှုကို ကြည့်ရှုအားပေး၍ လိုအပ်သည်များ ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။ **တင်စိုးလွင်**

# သဘာဝမြေဩဇာများ ပေါင်းစပ်အသုံးပြုမှုဆိုင်ရာ သုတေသနစံပြကွက်များ နေပြည်တော်နှင့် တိုင်းဒေသကြီး လေးခုတို့တွင် ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၂၀

၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးရာသီတွင် သဘာဝမြေဩဇာများ ပေါင်းစပ်အသုံးပြုမှုဆိုင်ရာ သုတေသနစံပြကွက်များကို နေပြည်တော်နှင့် တိုင်းဒေသကြီးလေးခုတို့တွင် စုစုပေါင်း ၃၉ ကွက် ဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ သိရသည်။

စိုက်ပျိုးရေးဦးစီးဌာန မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် သဘာဝမြေဩဇာထုတ်လုပ်သည့် ကုမ္ပဏီများပူးပေါင်း၍ တောင်သူလယ်သမားများ သဘာဝမြေဩဇာသုံးစွဲမှု တိုးမြှင့်သုံးစွဲခြင်းဖြင့် စပါးအထွက်နှုန်း ပိုမိုကောင်းမွန်ခြင်း၊ ကုန်ကျစရိတ်သက်သာ၍ ဝင်ငွေပိုမိုရရှိခြင်း၊ ရေရှည်တည်တံ့သည့် စိုက်ပျိုးထုတ်လုပ်မှုဖြစ်စေခြင်း၊ စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများရရှိစေခြင်း စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၂၄ - ၂၀၂၅ ခုနှစ် မိုးစပါးရာသီတွင် သဘာဝမြေဩဇာများ ပေါင်းစပ်အသုံးပြုမှုဆိုင်ရာ သုတေသနစံပြကွက်များကို နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စုစုပေါင်း ၃၉ ကွက် ဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က နိုဝင်ဘာ ၁၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ သုတေသနစံပြကွက်များအား တောင်သူပညာပေးပြသခြင်း၊ စံကွက်ရိတ်သိမ်းခြင်းများကို ဒေသအလိုက် စံပြကွက်များတွင် ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်တွင်လည်းကောင်း၊ နိုဝင်ဘာ ၅ ရက်တွင် ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်တွင် လည်းကောင်း၊ နိုဝင်ဘာ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်တွင် လည်းကောင်း ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်း တောင်သူပညာပေးပြသပွဲသို့ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် သက်ဆိုင်ရာသဘာဝမြေဩဇာကုမ္ပဏီများမှ တာဝန်ရှိသူများ၊ ဒေသရှိတောင်သူလယ်သမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

MT




ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ဖရဲကျေးရွာရှိ သုတေသနစံပြကွက်အားတွေ့ရစဉ်။

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့




(၂၃)ကြိမ်မြောက်
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့်
မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀၊ ၂၁၊ ၂၂)ရက် နေပြည်တော်

## ONE Friday Fights 88 ပြိုင်ပွဲတွင် ထွန်းမင်းအောင် တွဲဆိုင်းပါဝင်မည်

**ရန်ကုန် နိုဝင်ဘာ ၂၀**

ONE Championship အဖွဲ့အစည်းက စီစဉ်သည့် ONE Friday Fights 88 ပြိုင်ပွဲကို နိုဝင်ဘာ ၂၂ ရက်တွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာဖိုက်တာ ထွန်းမင်းအောင် တွဲဆိုင်း ပါဝင်လာမည်ဖြစ်သည်။

**လက်တွဲခြင်းဖြစ်**

ထွန်းမင်းအောင်သည် မော်ရိုကိုဖိုက်တာ ဇာဟီဒီနှင့် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး ပွဲစဉ် (၄)




အဖြစ် ထိုးသတ်ရမည်ဖြစ်သည်။ ထွန်းမင်းအောင်သည် ယခုနှစ်မှသာ ONE Championship နှင့် လက်တွဲခြင်းဖြစ်ပြီး နှစ်ပွဲထိုးသတ်ရာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးနိမ့်ထားသည်။ ထွန်းမင်းအောင်သည် မေ ၃၁ ရက်က ပထမဆုံး ထိုးသတ်သည့်ပွဲတွင် ရုရှားဖိုက်တာကို အရေးနိမ့်ခဲ့သော်လည်း ဇူလိုင် ၁၂ ရက်က ထိုးသတ်သည့် ဒုတိယပွဲတွင် ဗီယက်နမ် ဖိုက်တာကို တတိယအချီတွင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရခဲ့သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-ONE Championship**

## အာဆီယံအမျိုးသမီးဖူဆယ်ပြိုင်ပွဲတွင် မြန်မာအသင်း တတိယနေရာလုပွဲ ကစားခွင့်ရရှိ



**ရန်ကုန် နိုဝင်ဘာ ၂၀**

၂၀၂၄ အာဆီယံ အမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ကို နိုဝင်ဘာ ၂၀ ရက်က ဖိလစ်ပိုင်နိုင်ငံ၌ကျင်းပရာ မြန်မာအသင်းသည် တတိယနေရာလုပွဲ ကစားခွင့်ရရှိခဲ့သည်။

အုပ်စုနောက်ဆုံးနေ့တွင် ထိုင်းအသင်းက ဗီယက်နမ်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ အင်ဒိုနီးရှားအသင်းက အိမ်ရှင်ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ အင်ဒိုနီးရှားအသင်းသည် ဖိလစ်ပိုင်ကို အနိုင်ကစားခဲ့သဖြင့် မြန်မာအသင်းအနေဖြင့် တတိယလုပွဲကစားခွင့်ရခဲ့ခြင်းဖြစ်သည်။ အိမ်ရှင်ဖိလစ်ပိုင်အသင်းမှာမူ သရေကစားနိုင်ရုံဖြင့် တတိယလုပွဲကစားခွင့်ရမည်ဖြစ်သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးကြောင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

အုပ်စုပွဲစဉ်များအပြီးတွင် ထိုင်းအသင်းက ရမှတ် ၁၂ မှတ်ဖြင့် အုပ်စုပထမ၊ ဗီယက်နမ်အသင်းက ရမှတ်ကိုးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဗိုလ်လုပွဲကစားခွင့်ရခဲ့ပြီး အင်ဒိုနီးရှားအသင်းက ခြောက်မှတ်ဖြင့် အုပ်စုတတိယ၊ မြန်မာအသင်းက တစ်မှတ်ဖြင့် အုပ်စုစတုတ္ထရရှိကာ တတိယလုပွဲ ကစားခွင့်ရခဲ့သည်။ အိမ်ရှင်ဖိလစ်ပိုင်အသင်းသည် တစ်မှတ်ရသော်လည်း ဂိုးကွာခြားချက်ကြောင့် အုပ်စုအောက်ဆုံးနေရာတွင် ရပ်တည်ခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲကို ငါးသင်းပတ်လည်စနစ်ဖြင့် ကျင်းပခဲ့ပြီး အမှတ်အများဆုံး နှစ်သင်းက ဗိုလ်လုပွဲ၊ အဆင့် (၃)နှင့် အဆင့်(၄) နေရာရအသင်းက တတိယလုပွဲ ကစားခွင့်ရခြင်းဖြစ်သည်။

ဗိုလ်လုပွဲနှင့် တတိယနေရာလုပွဲကို နိုဝင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တတိယနေရာလုပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် မြန်မာအသင်း၊ ဗိုလ်လုပွဲအဖြစ် ထိုင်းအသင်းနှင့် ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၂၀**

ယနေ့နံနက် ၁၀ နာရီ ၅၁ မိနစ် ၂၉ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၃၆၅ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Andaman Islands, India Region) မြောက်လတ္တီတွဒ် ၁၂ ဒသမ ၄၉ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒသမ ၉၄ ဒီဂရီ၊ အနက် ၂၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် နိုဝင်ဘာ ၂၀**

ယနေ့ ညနေ ၅ နာရီ ၄၈ မိနစ် ၃၀ စက္ကန့်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၄၂ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ကျိုက်လတ်မြို့၏ အနောက်ဘက် သုံးမိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၆ ဒသမ ၄၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၆၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

## ပေါက်ခေါင်းမြို့၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး ဟောပြော

**ပေါက်ခေါင်း နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် သစ်တောဦးစီးဌာနက ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက်ပိုင်းက အထက(ပေါက်ခေါင်း)ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသော်မော်ခန့်က သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျော့နည်းစေရေး၊ ရာသီဥတုပြောင်းလဲမှုလျော့နည်းစေရေးသိကောင်းစရာများ၊ နယ်မြေဖြတ်ကျော်မီးခိုးငွေ့ ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ သိကောင်းစရာများ၊ မီးခိုးငွေ့ကြောင့် ကျန်းမာရေးဆိုးကျိုးများအကြောင်းကို ရှင်းလင်းဟောပြောသည်။

**မြို့နယ်(ပြန်/ဆက်)**




## ကျောက်တံခါးမြို့နယ်၌ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြော

**ကျောက်တံခါး နိုဝင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာနက အခြေခံပညာအထက်တန်းကျောင်း(ကျောက်တံခါးမြို့)အစည်းအဝေးခန်းမ၌ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို နိုဝင်ဘာ ၂၀ရက် နံနက် ၉နာရီခွဲက ပြုလုပ်သည်။

ဟောပြောပွဲတွင် ကျောက်တံခါးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက အဖွင့်အမှာစကားပြောကြားပြီး ကျောက်တံခါးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးမင်းပိုင်က ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်နှင့် မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေး ဟောပြောသည်။

ထို့နောက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပြီး သစ်တောကြေးမုံစာအုပ် ၄၄ အုပ်၊ ကျောင်းသုံးဗလာစာအုပ်နှင့် ဘောပင်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**





## မအူပင်မြို့နယ်၌ စံပယ်ဖြူပန်းများ စီးပွားဖြစ်စိုက်ပျိုးလျက်ရှိ

**မအူပင် နိုဝင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ စလင်းဒေါင့်ကျေးရွာနှင့် အောင်ဟိတ်ကျေးရွာတို့တွင် ဂန္ဓမာပန်း၊ ကြယ်တာရာပန်း၊ နှင်းဆီပန်း၊ ပန်းထိမ်ငိုပန်းစသည့် ပန်းမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဂန္ဓမာမျိုးစိတ်တစ်ခုဖြစ်သည့် စံပယ်ဖြူပန်းကိုလည်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိပြီး ၁၂၈ ဧကကျော် စိုက်ပျိုးထားကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

**နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိ**

စံပယ်ဖြူပန်းကို အောက်တိုဘာလ နောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးပြီး ဒီဇင်ဘာလ နောက်ဆုံးပတ်တွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် စံပယ်ဖြူပန်းမျိုးကို အပင်တစ်ပင်လျှင် ငွေကျပ် ၂၀ နှုန်းဖြင့် တောင်ကြီးဘက်မှ ဝယ်ယူစိုက်ပျိုးရပြီး တစ်ဧကလျှင် အပင်တစ်သောင်းခန့်စိုက်ပျိုးရကြောင်း၊ စံပယ်ဖြူပန်းကို တစ်ရက်ခြားတစ်ကြိမ်ခူးဆွတ်ရပြီး တစ်ကြိမ်ခူးဆွတ်လျှင် ပန်းပင်အရေအတွက် ၆၀၀ ခန့်ရရှိကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ငွေကျပ်ကိုးသိန်းခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်လလျှင် ပန်းပင်အရေအတွက် ၉၀၀၀-၁၀၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် စံပယ်ဖြူပန်းလက်ကားဈေး တစ်ပင်လျှင် ငွေကျပ် ၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ငွေကျပ်ကိုးသိန်းခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မအူပင်မြို့၊ ကျိုက်လတ်နှင့် မော်ကျွန်းမြို့တို့သို့ တင်ပို့ရောင်းချပြီး ဒေသခံတောင်သူများအနေဖြင့် ပန်းစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးပွားလျက်ရှိသောကြောင့် ပန်းမျိုးစုံကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးလျက်ရှိကြောင်း ပန်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**သတင်းရင်းမြစ်- စီးပွား/ကူးသန်း**

## မြို့သစ်မြို့နယ်၌ ကုလားပဲသီးနှံများ စိုက်ပျိုးမှုနှင့် ဈေးနှုန်းဈေးကွက်

**မြို့သစ် နိုဝင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်အတွင်းရှိ ဖန်ခါးပင်၊ စစ်တလင်း၊ ကွင်းကျေးရွာများတွင် နှမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ၊ စပါး၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူစသည့် သီးနှံများကို ရာသီအလိုက် နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ကုလားပဲသီးနှံကိုလည်း ဧက ၁၅၀ ခန့် စိုက်ပျိုးထားကြောင်း သိရသည်။



**စတင်စိုက်ပျိုး**

ကုလားပဲသီးနှံကို အောက်တိုဘာလ နောက်ဆုံးပတ်တွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလ ပထမပတ်တွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ကုလားပဲ(ဟော်လန်)မျိုးနှင့် ကုလားပဲ(929) မျိုးများကို တစ်ဧကလျှင် မျိုးစေ့ ၁၂ ပြည်ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ထွန်ကြောင်းဆွဲကာ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၇၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ကုလားပဲ ၁၂-၁၆ တင်းခန့်ထွက်ရှိပြီး ပဲတစ်တင်းလျှင် ငွေကျပ် ၇၈၀၀၀-၈၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ဧကလျှင် ငွေကျပ် ၆၀၀၀၀၀ ကျော် အမြတ်ရရှိကြောင်း သိရသည်။

ဈေးနှုန်းအနေဖြင့် နိုဝင်ဘာလ ဒုတိယပတ်တွင် ကုလားပဲ(ဟော်လန်) တစ်တင်းလျှင် ငွေကျပ် ၉၅၀၀၀-၉၆၅၀၀၊ ကုလားပဲ(929) တစ်တင်းလျှင် ငွေကျပ် ၉၆၀၀၀-၉၇၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ကုလားပဲသီးနှံထွက်ပေါ်သည့် ရာသီမဟုတ်သောကြောင့် အရောင်းအဝယ်အေးလျက် ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့နှင့် တောင်တွင်းကြီးမြို့ပေါ်ရှိ သီးနှံပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ကြောင်း၊ ဒေသတွင်းရှိ ပဲကြော်၊ ပဲလှော်၊ မုန့်လုပ်ငန်းရှင် များကလည်း ဝယ်ယူကြကြောင်း၊ ယခုအချိန်တွင် ကုလားပဲစိုက်ခင်းများ အောင်မြင် ဖြစ်ထွန်းလျက်ရှိသောကြောင့် သီးနှံအထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

## ကျောက်ဆည်ခရိုင်၌ မိုးနှောင်းချည်မျှင်ရှည်ဝါများ ထွက်ရှိ၍ အရောင်းအဝယ်ဖြစ်

**ကျောက်ဆည် နိုဝင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံစိုက်ပျိုး၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ဝါသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ယခုနှစ်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါ စိုက်ဧကအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၁၃၃၂၅ ဧက၊ စဥ့်ကိုင်မြို့နယ်တွင် ၉၄၂၇ ဧက၊ မြစ်သားမြို့နယ်တွင် ဧက ၅၃၀၀ စုစုပေါင်း ၂၈၀၅၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးနှောင်းချည်မျှင်ရှည်ဝါများကို ဩဂုတ်လတွင် စတင်စိုက်ပျိုးပြီး နိုဝင်ဘာလဆန်းပိုင်းတွင် စတင်ရိတ်သိမ်းရကြောင်း၊ ချည်မျှင်ရှည်ဝါ စိုက်ပျိုးမှုအနေဖြင့် ပေါင်စနစ်ဖြင့် စိုက်ပျိုးကြပြီး မျိုးအနေဖြင့် အိန္ဒိယ(ရာကာ)မျိုးများဖြစ်သော (၃၃၃)လုံး၊ (၆၆၆)လုံးနှင့် (၉၉၉)လုံးမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် ဝါမျိုးစေ့ ၁၂-၁၃ ပိဿာခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၃၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ချည်မျှင်ရှည်ဝါအထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပိဿာ ၄၀၀-၅၀၀ ခန့်ထွက်ရှိပြီး တစ်ပိဿာလျှင် ငွေကျပ်၂၉၀၀-၃၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ တစ်ဧကလျှင် ငွေကျပ် ၈၅၀၀၀၀ အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ကျောက်ဆည်မြို့ပေါ်ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်နှင့် မန္တလေးမြို့များသို့ တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်တွင် ဝါအထွက်နှုန်းကောင်းမွန်လျက်ရှိသောကြောင့် တောင်သူများအကျိုးအမြတ်ရလျက်ရှိကြောင်း ဝါစိုက်တောင်သူတစ်ဦးထံမှ သိရသည်။



### ၂၀-၁၁-၂၀၁၄ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၉၅၀၀ | ၂၈၀၀၀ | ၁၀၃၉၃ | ၂၂၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၅၀၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၄၀၀၀၀ | ၄၀၀၀၀ | ၂၈၀၀၀ | ၃၅၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၅၃၀၀ | | ၇၇၀၀ | ၂၂၀၀၀ | - | ၁၇၅၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၆၅၀၀ | ၂၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၈၀၀ | ၈၅၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၆၀၀ | ၃၄၀၀ | ၇၃၀၀ | ၂၀၀၀၀ | ၇၉၈၀ | ၁၇၅၀၀ | ၅၅၀၀ | ၁၆၅၀၀ | ၁၃၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၇၈၀၀ | ၅၅၀၀ | ၂၃၀၀၀ | ၃၄၀၀၀ | ၂၃၅၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | လှိုင်ကော် | ၅၃၀၀ | | ၈၅၀၀ | ၂၀၀၀၀ | ၇၇၀၀ | ၁၆၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၁၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၄၀၀၀ | ၄၀၀၀၀ | ၂၀၀၀၀ |
| ၅ | ဘားအံ | ၃၈၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၆ | မော်လမြိုင် | ၃၂၀၀ | | ၅၃၀၀ | ၁၈၀၀၀ | ၇၃၇၀ | ၁၂၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၆၅၀ | ၁၅၀၀၀ | ၅၆၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၈၅၀၀ | ၅၅၀၀ | ၂၅၀၀၀ | ၃၃၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၇၈၆၀ | ၁၅၅၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၂၀၀၀၀ | ၁၀၅၀၀ | ၉၅၀၀ | ၁၁၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၉၈၀၀ | ၈၅၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၃၂၀၀၀ | ၂၈၀၀၀ | ၃၂၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၄၀၀ | ၁၄၀၀၀ | ၅၂၀၀ | ၂၃၀၀၀ | ၂၄၀၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၂၉၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၅၅၀ | | ၅၂၀၀ | ၂၀၀၀၀ | ၇၈၀၀ | ၈၀၀၀ | ၄၂၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၉၀၀၀ | ၁၁၀၀၀ | ၅၅၀၀ | ၂၁၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ |
| ၁၁ | ဟားခါး | | | ၁၁၀၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၆၅၀၀ | ၃၅၀၀၀ | | | ၅၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၇၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | | ၆၅၀၀ | ၁၄၅၀၀ | ၈၀၅၀ | ၁၅၀၀၀ | ၃၂၀၀ | ၁၃၅၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၁၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၆၀၀၀ | ၈၀၅၀ | ၁၄၀၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၆၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၁၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၇၀၀ | ၈၅၀၀ | ၈၅၀၀ | ၁၁၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၅၀၀၀ | ၇၈၃၀ | ၁၄၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၃၅၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၇၇၀၀ | ၁၀၅၀၀ | ၄၆၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၂၀၀၀ | ၇၅၀၀ | ၈၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၂၈၀၀၀ | ၁၉၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၁၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၇၀၀ | ၁၁၀၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၈၀၀၀ | ၅၃၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၇၉၃၀ | ၁၄၀၀၀ | ၄၅၀၀ | ၁၆၀၀၀ | ၁၉၀၀၀ | ၉၂၀၀ | ၃၃၀၀ | ၆၀၀ | ၈၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၈၀၀၀ | ၅၁၅၀ | ၂၅၀၀၀ | ၂၇၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၁၂၀၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၇၉၃၀ | ၁၅၀၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၁၉၅၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၆၀၀ | ၉၀၀၀ | ၇၈၀၀ | ၆၅၀၀ | ၈၅၀၀ | ၅၁၅၀ | ၂၆၀၀၀ | ၂၇၀၀၀ | ၂၂၀၀၀ | ၂၇၀၀၀ | ၁၂၅၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၈၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၇၅၀၀ | ၃၀၀၀၀ | ၃၂၀၀၀ | ၂၉၀၀၀ | | ၁၇၀၀၀ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
## ဆေးတက္ကသိုလ်-တောင်ကြီး
## ၂၀၂၅ ပညာသင်နှစ်
## ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက်
## ထပ်မံဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ၂၀၂၅ ပညာသင်နှစ်အတွက်ဆေးတက္ကသိုလ်-တောင်ကြီးတွင် ဖွင့်လှစ်သင်ကြားမည့် အောက်ပါ ဆေးပညာမဟာသိပ္ပံ ဘွဲ့လွန်သင်တန်းများသို့ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူ နိုင်ငံ့ဝန်ထမ်း ဆရာဝန်များ လျှောက်ထားနိုင်ကြောင်း ထပ်မံကြေညာအပ်ပါသည်-

**(က) ဆေးပညာမဟာသိပ္ပံသင်တန်းများ**

| စဉ် | သင်တန်းအမည် | သင်တန်းကာလ |
|---|---|---|
| ၁။ | ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ) M.Med.Sc (Anatomy) | ၂ နှစ် |
| ၂။ | ဆေးပညာမဟာသိပ္ပံ(ဆေးဝါးဗေဒ) M.Med.Sc (Pharmacology) | ၂ နှစ် |
| ၃။ | ဆေးပညာမဟာသိပ္ပံ (ဆေးလက်တွေ့ဆိုင်ရာ ဇီဝဓာတုဗေဒ) M.Med.Sc (Clinical Biochemistry) | ၃ နှစ် |

၂။ လိုအပ်သောအရည်အချင်း
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ဆေးပညာဘွဲ့ (M.B,B.S.)(သို့မဟုတ်)မြန်မာနိုင်ငံဆေးကောင်စီမှအသိအမှတ်ပြုထားသော အလားတူဘွဲ့ ရရှိထားသူဖြစ်ရမည်။
(ဂ) လုပ်သက်သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်ပါသည်။
(ဃ) လျှောက်လွှာပိတ်သည့်နေ့တွင် အသက်(၄၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(င) ဆေးပညာမဟာသိပ္ပံဘွဲ့ ရရှိပြီးနောက် ခွင့်ရက်မပါ အနည်းဆုံး (၅)နှစ် နိုင်ငံ့ဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(စ) သတ်မှတ်ထားသောသင်တန်းကာလကို အချိန်ပြည့်တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပိတ်ရက်မှာ (၂-၁၂-၂၀၂၄)ရက်(တနင်္လာနေ့)ဖြစ်ပါသည်။

၄။ လျှောက်လွှာကိုသက်ဆိုင်ရာဌာန၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ( ညွှန်ကြားရေးမှူးချုပ်/ဦးဆောင်ညွှန်ကြားရေးမှူး)မှ တစ်ဆင့်လျှောက်ထားရမည်ဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဖြစ်ကြောင်း သက်ဆိုင်ရာဌာန၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး၏ ထောက်ခံချက်ပါရှိရမည်။ သတ်မှတ်ချက်အတိုင်း လျှောက်ထားခြင်းမရှိသည့် လျှောက်လွှာများကို လုံးဝထည့်သွင်းစဉ်းစားခြင်းမပြုပါ။

၅။ ကြိုတင်မိတ္တူတစ်စောင်ကို ငွေသွင်းချလန်မူရင်းနှင့်တကွ ဆေးတက္ကသိုလ်-တောင်ကြီး၊ ပါမောက္ခချုပ်ထံလိပ်မူ၍ မပျက်မကွက် ပေးပို့ရမည်။

၆။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ (၁၆-၁၂-၂၀၂၄)ရက် (တနင်္လာနေ့) ဖြစ်ပါသည်။

၇။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားသူများသည် ဘွဲ့လွန်သင်တန်းဝင်ခွင့် စာမေးပွဲကြေး ကျပ်-၁၀၀၀၀/- (ကျပ်တစ်သောင်း)တိတိကို မြန်မာ့စီးပွားရေးဘဏ်၊ တောင်ကြီးတွင် ဖွင့်လှစ်ထားသော ဆေးတက္ကသိုလ်-တောင်ကြီး၏ ငွေစာရင်းအမှတ် MD-၀၁၂၂၃၉ သို့ ပေးသွင်းရမည်။ (မှတ်ချက်၊ မြို့နယ်မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲများမှတစ်ဆင့် မြန်မာ့စီးပွားရေးဘဏ် တောင်ကြီးတွင် ဆေးတက္ကသိုလ်-တောင်ကြီး ငွေစာရင်းအမှတ် MD-၀၁၂၂၃၉ သို့ လိပ်မူ၍ ငွေလွှဲစနစ်ဖြင့်လည်း ပေးသွင်းနိုင်ပါသည်။)

၈။ သင်တန်းကိုတက်ရောက်ရန် ရွေးချယ်ခံရပြီးမှ သင်တန်းတက်ရောက်ရန် ပျက်ကွက်လျှင် နောင်ပညာသင်နှစ် (၂)နှစ် ပြည်တွင်း/ပြည်ပ ဘွဲ့လွန်သင်တန်းများကို လျှောက်ထားခွင့်မရှိပါ။

၉။ သင်တန်းတက်ရောက်ရန်ရွေးချယ်ခံရပြီး တက်ရောက်ခွင့်ရစာရင်းထုတ်ပြန်ပြီးမှ သင်တန်းကို မတက်ရောက်လျှင်ဖြစ်စေ၊ (မှတ်ပုံတင်ခြင်းပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ) သင်တန်းကို ပြီးဆုံးအောင် မတက်ရောက်လျှင်ဖြစ်စေ၊ သင်တန်းအောင်မြင်ပြီးနောက် သတ်မှတ်ထားသည့်ကာလအတိုင်းနိုင်ငံ့တာဝန်ကို မထမ်းဆောင်လျှင်ဖြစ်စေ သတ်မှတ်ထားသောလျော်ကြေးငွေကို ပေးလျော်ရမည်။

၁၀။ လျှောက်လွှာခေါ်ယူမည့် ကြေညာချက်အပြည့်အစုံနှင့် အသေးစိတ်အချက်အလက်များကို ဆေးတက္ကသိုလ်-တောင်ကြီး ဖုန်းနံပါတ်၀၈၁-၂၁၂၄၈၆၂သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ သို့မဟုတ် ဆေးတက္ကသိုလ်-တောင်ကြီး Website ( www. umtgi . edu. mm ) (www . umtgi. gov. mm)တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ဆေးတက္ကသိုလ်-တောင်ကြီး**

## “ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းခရိုင်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၂၂၇)နေ (ဘ)ဦးဒူလာမြား၏သားဖြစ်သူ ဦးကျော်ထွန်းနိုင် [၁၂/ကတတ(နိုင်)၀၂၇၆၇၉]ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်း ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းခရိုင်၊ သဃ်္ဃန်းကျွန်း မြို့နယ်၊ (ဃ)ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၂၂၇)ရှိ ဒေါ်လိုက်လာအမည်ဖြင့် ရရှိပိုင်ဆိုင်ထားသော မြေဧရိယာအရှေ့မျက်နှာ၀(၂၅)ပေ/(၃၇.၃)ပေ၊ အနောက်မျက်နှာ၀(၃၄.၆)ပေ၊ အရှည်(၁၁၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိခင်ဖြစ်သူ ဒေါ်လိုက်လာနှင့် ဖခင်ဖြစ်သူ ဦးဒူလာမြားတို့ ကွယ်လွန်သောအခါ ဒေါ်လိုက်လာနှင့် ဦးဒူလာမြားတို့၏ မွေးဖွားသော သားသမီး(၁၁)ဦးတို့က ဆက်လက်ပိုင်ဆိုင်လာခဲ့ပါသည်။ အဆိုပါ မြေကွက်အား အရောင်း အဝယ်ပြုလုပ်တော့မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုပါက အမွေဆက်ခံသူ မည်သူမဆို ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကျိန်ထိတ်ကိမ်(LL.B) ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၇၀၁) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၅)၊ မြေကွက်အမှတ်(၆၀၁)၊ ဟံသာဝတီလမ်း၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)၊ (၂၄၀၀)စတုရန်းပေရှိ **ဦးကျော်သိန်း**(AH-120381)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ် အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်ဝတ်ရည်အောင်**[၇/ပတန(နိုင်)၀၈၈၇၅၈]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်း ချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ရောင်းဖိုးငွေများ အပြည့်အဝပေးချေပြီး အပြီးအပိုင်ပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်မွန်မွန်ချို(LL.B) ဒေါ်စန္ဒာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈) အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)**
**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါကြောင်း

